
# မာတင်လူသာကင်း ဂျူနီယာ

တင်စိန်(ပထဝီ)

D336




ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၂၁

# Who Was Martin Luther King, Jr.?

Written by Bonnie Bader
Illustrated by Elizabeth Wolf

သားနဲ့သမီး စာအုပ်တိုက်
စာအုပ်အမှတ် - ၁၀၆

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၂၁




# မာတင်လူသာကင်း ဂျူနီယာ

တင်စိန် (ပထဝီ)

ပုံနှိပ်မှတ်တမ်း
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - မြတ်သန္တာဦး
ကွန်ပျူတာစာစီ - **Dream City**
ထုတ်ဝေသူ - ဦးဝင်းချို(ရှုဝံစာအုပ်တိုက်)
အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်)၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်ချိုချိုအေး(ရှုဝံပုံနှိပ်တိုက်)
အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၇၊ ဩဂုတ်လ။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

---

တင်စိန်(ပထဝီ)
မာတင်လူသာကင်း ဂျူနီယာ/ တင်စိန် (ပထဝီ)-ရန်ကုန်။
ရှုဝံစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
စာမျက်နှာ ၁၂၀၊ ၁၃ .၄ စင်တီ × ၂၁.၆ စင်တီ။
(၁) မာတင်လူသာကင်း ဂျူနီယာ။

## စာဖတ်သူသို့

မြန်မာကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှကလေးစာပေများကို မြန်မာစာဖတ်ပရိတ်များ ထိတွေ့ဖတ်ရှုစေရေးတို့ကို ရည်ရွယ်လျက် သားနှင့်သမီးစာအုပ်တိုက်မှ ကလေးဖတ်စာအုပ်များ ထုတ်ဝေလာခဲ့သည်မှာ ၃ နှစ်တာမျှရှိခဲ့ပါပြီ။ ဘာမှမကြာမြင့်လှသေးသော ထို ၃ နှစ်တာကာလအတွင်း ကလေးစာအုပ်ပေါင်း ၈၀ နီးပါးမျှ ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုစာအုပ်များမှာ အများအားဖြင့် ဘာသာပြန်လက်ရာများ ဖြစ်ကြပြီး ငယ်ရွယ်သော ကလေးသူငယ်များ ဖတ်ရှုလေ့လာရန်အတွက် ကလေးစာပေ (children's literature) များဖြစ်ကြပါသည်။

သားနှင့်သမီးစာအုပ်တိုက်အနေဖြင့် ဘာသာပြန် ကလေးစာပေများကိုသာမက ပင်ကိုရေး ကလေးစာပေများကိုလည်း ထုတ်ဝေသွားရန် ရည်ရွယ်ထားသလို လူငယ်စာဖတ်သူ (young reader) များ အတွက် အကျိုးများ တန်ဖိုးရှိစေမည့် လူငယ်စာပေများကို ရွေးချယ်ထုတ်ဝေသွားရန် ကြိုးပမ်းစီစဉ်ခဲ့ပါသည်။ ယခုထုတ်ဝေလိုက်သော ဤစာအုပ်တွဲများသည် သားနှင့်သမီးစာအုပ်တိုက်၏ လူငယ်စာစဉ်အဖြစ် ထုတ်ဝေသော ကနဦးအစီအစဉ်၊ သို့မဟုတ် ပထမခြေလှမ်းဟု ဆိုချင်ပါသည်။

လူငယ်စာစဉ် ပထမခြေလှမ်းအဖြစ် ထုတ်ဝေလိုက်သော ဤစာအုပ်များသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် Penguin Young Readers Group ၏ Grosset & Dunlap စာအုပ်တိုက်မှ ထွက်ရှိခဲ့သည့် Who is...? / Who was...? စာအုပ်စီးရီးကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ သူ့မူရင်း

အာဘော်အတိုင်း ပြန်ဆိုထားခြင်းဖြစ်သလို ပါဝင်သောသရုပ်ဖော်ပုံများကိုလည်း သူ့မူရင်းအတိုင်းပင် ပြန်လည်ထည့်သွင်း ဖော်ပြပေးထားပါသည်။

ယခုစီးရီးသည် ကမ္ဘာ့နယ်ပယ်ပေါင်းစုံတွင် အထူးထင်ရှားသော လူပုဂ္ဂိုလ်များ၏ အကြောင်းဖြစ်ပြီး စာဖတ်သူများအနေဖြင့် လေ့လာမှတ်သား သင်ခန်းစာယူဖွယ်ရာ ဗဟုသုတနှင့် အချက်အလက်များ များစွာ ပါဝင်ပါသည်။ ထို့အပြင် လူတစ်ဦးချင်းစီ၏ အတ္ထုပ္ပတ္တိဖြစ်သဖြင့် ရသဝတ္ထုစာအုပ်များဖတ်ရှုရသကဲ့သို့ခံစားမှုပေးစွမ်းနိုင်သလို သူတို့ဖြတ်သန်းခဲ့ကြရာ ခေတ်အလိုက်၊ နိုင်ငံအလိုက် သမိုင်းနောက်ခံကားများကိုလည်း တွေ့မြင်သိရှိနိုင်ကြမည်ဖြစ်ပါသည်။

သားနှင့်သမီးစာအုပ်တိုက်မှ ယခု Who? စီးရီးဖြစ်သည့် 'ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ' ကို မချွင်းမချန်ဘဲ စီးရီးအပြည့်အစုံ ဘာသာပြန်တင်ဆက်သွားမည်ဖြစ်သလို နောက်ထပ်စီးရီးများ ဖြစ်သော Where? နှင့် What ? (ကမ္ဘာ့အထင်ကရ နေရာများ နှင့် ကမ္ဘာ့အထင်ကရအဖြစ်အပျက်များ) ကိုလည်း လူငယ်စာစဉ်အဖြစ် ဆက်လက်စီစဉ်ထုတ်ဝေသွားရန် အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။ ထို့ကြောင့်စာဖတ်သူများ၊ အထူးသဖြင့် လူငယ်များအနေဖြင့် အသိဉာဏ်ပညာမြင့်မားကာ ဗဟုသုတ တိုးပွားစေခြင်းအလို့ငှာ ဆက်လက်ရှာဖွေ ဖတ်ရှုကြရန်လည်း တိုက်တွန်းလိုပါသည်။

မြန်မာစာပေလောကအတွင်း၌ ခေတ်မီသော ကလေးစာပေနှင့် လူငယ်စာပေများ တိုးပွားဖွံ့ဖြိုးစေရေးအတွက် ရည်သန်လျက် ဤစာအုပ်တွဲများကို မအားလပ်သည့်ကြားမှ ဝိုင်းဝန်းပြန်ဆိုပေးကြသော စာရေးဆရာများနှင့် အားပေးဖတ်ရှုကြသော စာဖတ်ပရိတ်သတ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။


**သားနှင့်သမီး စာအုပ်တိုက်**

# မာတိကာ


| | | | |
|---|---|---|---|
| – | | မာတင်လှူသာကင်းဂျူနီယာဆိုတာ ဘယ်သူလဲ | ၁၁ |
| အခန်း | ၁။ | အပြစ်ကင်းစင်သည့် လူငယ် | ၁၄ |
| အခန်း | ၂။ | ကျောင်းသားဘဝ | ၂၂ |
| အခန်း | ၃။ | မာတင်အလုပ်ရပြီ | ၃၁ |
| အခန်း | ၄။ | ဘတ်စ်ကားပေါ်မှာ | ၃၆ |
| အခန်း | ၅။ | ငြိမ်းချမ်းစွာတိုက်ပွဲဝင်ခြင်း | ၄၆ |
| အခန်း | ၆။ | လွတ်မြောက်ရေးဘတ်စ်ကား စီးသူများ | ၅၈ |
| အခန်း | ၇။ | ဘာမင်ဂမ်တွင် လွတ်လပ်ခွင့်ရပြီ | ၆၃ |
| အခန်း | ၈။ | အိပ်မက်ကောင်းတစ်ခု မက်တယ် | ၇၄ |
| အခန်း | ၉။ | ငြိမ်းချမ်းရေးဆု | ၈၃ |
| အခန်း | ၁၀။ | ဆင်းရဲမွဲတေမှု တိုက်ပွဲ | ၉၄ |
| အခန်း | ၁၁။ | ဆက်လက်ချီတက် | ၁၀၃ |
| အခန်း | ၁၂။ | သူ့အိပ်မက် ရှင်သန်နေဆဲ | ၁၀၆ |
| – | | မာတင်လူသာကင်းဂျူနီယာ၏ ဘဝဖြစ်စဉ် | ၁၁၁ |
| – | | ကမ္ဘာ့ဖြစ်စဉ် | ၁၁၂ |

## မာတင်လူသာကင်းဂျူနီယာဆိုတာ ဘယ်သူလဲ

မာတင်လူသာကင်းဂျူနီယာ လေးအဖို့ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနယ်များမှာ လူလားမြောက်ခဲ့ရတာ မလွယ်လှပါ။ သူ့ကို ၁၉၂၉ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ အဲဒီခေတ် အဲဒီအချိန်မှာ လူဖြူနဲ့လူမည်း ခွဲခြားဆက်ဆံမှု ပြင်းထန်နေချိန် ဖြစ်တယ်။ တစ်နေ့မှာ မာတင်ရဲ့ဖခင်က သူ့သားငယ်ကို ဖိနပ်ဝယ်ပေးဖို့ ခေါ်သွားတယ်။ စတိုးဆိုင်မှာ ဘာမျှမရှိဘူး။ ဒါပေမဲ့ လူဖြူဆိုင်ရှင်က သူတို့သားအဖကို စတိုးဆိုင်ရဲ့ နောက်ဘက်မှာ စောင့်ဆိုင်းနေဖို့ ပြောတယ်။



မာတင်ရဲ့ ဖခင်က အလွန်ဒေါသထွက်သွားတယ်။ သူတို့ဘာဖြစ်လို့ စတိုးဆိုင်ရဲ့ နောက်ဘက်မှာ ပုန်းလျှိုးကွယ်လျှိုး ထိုင်စောင့်နေရမှာလဲ။ သူ့သားအတွက် ဖိနပ်ကို ဆိုင်ရှေ့မှာပဲ ပြောင်ပြောင်တင်းတင်း ဝယ်ခွင့်မရရင် အဲဒီဖိနပ်ကို လုံးလုံးမဝယ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ သူ့သားလေးကို လက်ဆွဲကာ စတိုးဆိုင်တွင်းမှ ပြန်ထွက်လာခဲ့တယ်။ လမ်းလျှောက်လာရင်း သူ့ဖခင်က ''ဒီစနစ်မျိုးနဲ့ ငါဘယ်လောက်ကြာကြာ အသက်ရှင်နေထိုင်ရမလဲဆိုတာ ဂရုမစိုက်ပါဘူး။ ဒါမျိုးတော့ ငါဘယ်တော့မှ လက်မခံဘူးကွ ...'' လို့ သားဖြစ်သူ မာတင်ကို ပြောလိုက်တယ်။

''အမေရိကန် ပြည်ထောင်စု တောင်ပိုင်းဒေသမှာ ကျင့်သုံးတဲ့ အဲဒီ 'စနစ်' ဟာ လူဖြူနဲ့လူမည်း ခွဲခြားဆက်ဆံတဲ့စနစ် ဖြစ်တယ်။ ''ခွဲခြားမှု'' လို့ ခေါ်တယ်။ လူမည်းကလေးတွေနဲ့ လူဖြူကလေးတွေ တစ်ကျောင်းတည်း ပညာသင်ကြားခွင့် မရှိဘူး။ လူမည်းကျောင်းက သပ်သပ်၊ လူဖြူကျောင်းက သပ်သပ် ဖြစ်တယ်။ လူမည်းတွေဟာ ဘတ်စ်ကားစီးရင် နောက်ပိုင်းက ထိုင်ခုံတွေမှာသာ ထိုင်ရတယ်။ ရှေ့တန်းက ထိုင်ခုံတွေမှာ လူဖြူတွေအတွက်သာ ဖြစ်တယ်။ မာတင်လူလားမြောက်လာတဲ့အခါ အဲဒီလို ခွဲခြားဆက်ဆံတဲ့စနစ်ကို တိုက်ဖျက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ တိုက်ပွဲဝင်တဲ့နည်းလမ်းကို ရွေးတယ်။

မာတင်က လူထုချီတက် ဆန္ဒပြပွဲတွေကို ဦးဆောင်တယ်။ သူဟာ ကန့်ကွက်ဆန္ဒပြပွဲတွေအတွက် လူထုကို စည်းရုံးစုစည်းခဲ့တယ်။ အဲဒီနောက် မိန့်ခွန်းတွေ ချွေတယ်။ လူတော်တော်များများက သူ့ဟောပြောချက်ကို နားထောင်ကာ သူ့ရဲ့ အကြမ်းမဖက်တဲ့ ကန့်ကွက်ဆန္ဒပြပွဲတွေမှာ ပူးပေါင်းပါဝင်ခဲ့ကြတယ်။ မာတင်လူသာကင်းဂျူနီယာဟာ စကားလုံးတွေ သုံးပြီး တိုက်ပွဲဝင်တယ်။ သူ့ရဲ့ လက်သီးတွေကို မသုံးခဲ့ဘူး။


မာတင်လူသာကင်းဂျူနီယာမှာ စိတ်ကူးယဉ်အိပ်မက်တစ်ခု ရှိတယ်။



အဲဒီအိပ်မက်မှာ လူတိုင်းလူတိုင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြပြီး တန်းတူ ရည်တူ ဆက်ဆံခံရစေရေးပဲ ဖြစ်တယ်။ မာတင်လူသာကင်းဂျူနီယာ ကွယ် လွန်ခဲ့တာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီဖြစ်ပေမဲ့ သူ့ရဲ့အိပ်မက်မှာ ရှင် သန်နေဆဲပဲ ဖြစ်တယ်။

# အခန်း –၁
# အပြစ်ကင်းစင်သည့် လူငယ်

၁၉၂၉ ဇန်နဝါရီလ ၁၅ ရက်နေ့၊ အမေရိကန်ပြည်ထောင်စု၊ ဂျော်ဂျီယာပြည်နယ်၊ အတ္တလန္တာမြို့မှာ ယောကျ်ားကလေးတစ်ဦး ဖွားမြင်တယ်။ ဆရာဝန်တွေက ကလေးကို အစစအရာရာ ပြည့်စုံကောင်းမွန်တယ်လို့ ဆိုတယ်။ သူ့မိဘတွေက ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ... ။ သူတို့က သားကလေးကို သူ့ဖခင်နာမည်အတိုင်း မိုက်ကယ်လို့ပဲ နာမည်ပေးလိုက်တယ်။ ဒါပေမဲ့ မိုက်ကယ် အသက်ငါးနှစ်သားအရွယ် ရောက်တဲ့အခါ၊ သူ့ဖခင်က သူတို့သားအဖနှစ်ယောက်စလုံးရဲ့ နာမည်ကို မာတင်လို့ ပြောင်းလဲဖို့ ဆုံး



ဖြတ်ခဲ့တယ်။ ဒါကြောင့်ပဲ အခုအခါ လူငယ်ကလေးရဲ့ နာမည်မှာ မာတင် လူသာကင်းဂျူနီယာ ဖြစ်လာခဲ့တယ်။


မာတင်ကလေးတို့အိမ် မိသားစုနေထိုင်မှုဘဝမှာ အလွန်ပဲ ချမ်းမြေ့ဖွယ် ဖြစ်တယ်။ သူ့မှာ အစ်မတစ်ယောက် ရှိပြီး နာမည်မှာ ဝီလီခရစ္စတင်း ဖြစ်တယ်။ (လူတိုင်းက သူ့ကို ခရစ္စ လို့ ခေါ်တယ်။) သူ့မှာ အယ်လ်ဖရက် ဒယ်နီယယ်ဆိုတဲ့ ညီငယ်တစ်ယောက်လည်း ရှိတယ်။ ကင်းတို့မိသားစုဟာ အတ္တလန္တာမြို့ အောဘန်းရိပ်သာရှိ အိမ်ကြီးတစ်လုံးမှာ နေထိုင်တယ်။ သူ့တို့ ရပ်ကွက်မှာ နေရထိုင်ရတာ အဆင်ပြေတယ်။ ဘယ်သူတစ်ဦး တစ်ယောက်မှ အလွန်ချမ်းသာသူ၊ အလွန်ဆင်းရဲသူ မရှိဘူး။




မင်တင်တို့ရဲ့ မိသားစုဟာ မေတ္တာတွေနဲ့ လွှမ်းခြုံလျက်ရှိတယ်။ မာတင်က သူ့မိဘတွေ အခြေအတင် အငြင်းပွားတာ၊ စကားများတာမျိုး မကြုံခဲ့ဖူးဘူး။ မာတင်ရဲ့မိခင် အယ်လ်ဘာတာဝီလျံကင်းဟာ စကားပြောအလွန်သိမ်မွေ့နူးညံ့သူ ဖြစ်ပြီး အပူအပင် မရှိလှဘူး။ အယ်လ်ဘာတာရဲ့ ဖခင်မှာ နာမည်ကြီး တရားဟောဆရာတစ်ဦး ဖြစ်တယ်။ အထက်တန်း ပညာအောင်မြင်ပြီးနောက် သူဟာ လူမည်းအမျိုးသမီး အတော်များများ မတက်နိုင်တဲ့ ကောလိပ်ကျောင်းကိုတက်ကာ ပညာ ဆက်လက် ဆည်းပူးခဲ့တယ်။ အယ်လ်ဘာတာမှာ နွေးထွေးတဲ့ ကိုယ်ရည်ကိုယ်သွေးရှိပြီး မာတင်ဟာ သူ့ကို ပြောရဆိုရ အဆင်ပြေလှတာ အမြဲတွေ့ရှိခဲ့ရတယ်။

မာတင်ရဲ့ဖခင် မာတင်စီနီယာဟာ ကိုယ်ရောစိတ်ပါ ကြီးမားသန်စွမ်းသူ ဖြစ်တယ်။ ကိုယ်အလေးချိန်ပေါင် ၂၂၀ ခန့် ရှိသူ လူထွားကြီးတစ်ဦး ဖြစ်ပြီး သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိသူ ဖြစ်တယ်။ မာတင်ဂျူနီယာက သူ့ဖခင်ကို အလွန်ပဲ အားကျလေးစားတယ်။ သူ့ဖခင်ရဲ့ မိသားစုမှာ အလွန်ပဲဆင်းရဲပြီး ချုံးချုံးကျနေတဲ့ တဲကုပ်ကလေးမှာ နေထိုင်ကြရတယ်။ သူ့တို့ဟာ သီးစားများ ဖြစ်တယ်။ သီးစားဆိုတာ မြေပိုင်ယာပိုင်လယ်ပိုင် မရှိဘဲ မြေရှင်တစ်ဦးဦးဆီက သီးစားခံပြီး စိုက်ပျိုးရတဲ့ လယ်သမားတွေ ဖြစ်တယ်။ မြေရှင်လယ်သမားရဲ့ မြေယာ စိုက်ပျိုးပေးရပြီး သီးနှံအနည်းငယ် လောက်သာ ကိုယ့်အတွက်ကျန်သူ ဖြစ်တယ်။ မာတင်ရဲ့ ဖခင်ဟာ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်ကို တက်ပြီး ပညာဆည်းပူးနိုင်ဖို့ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရတယ်။ တက္ကသိုလ်က ဘွဲ့ရပြီးနောက် သူဟာ အတ္တလန္တာမြို့ အီဘီနီဇာ နှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ ခရစ်ယာန် ဘုန်းတော်ကြီးတစ်ဦး ဖြစ်လာခဲ့တယ်။





အီဘီနက်ဇာ နှစ်ခြင်းကျောင်းတော်


အီဘီလီဇာနှစ်ခြင်းဘုရားရှိခိုးကျောင်းဟာ မာတင်ရဲ့ ဒုတိယမြောက် နေ့အိမ်နှင့် အလားသဏ္ဍာန်တူတယ်။ သူဟာ ဘုရားကျောင်းမှာ ခရစ်ယာန် ဓမ္မသီချင်းတွေကို ဆိုတယ်။



ဆန်းဒေးဓမ္မစကူးခေါ် တနင်္ဂနွေနေ့မှာဖွင့်တဲ့ ခရစ်ယာန်ဘာသာ သင်တန်းကျောင်းကို တက်ပြီး မိတ်ဆွေသစ်တွေ တိုးပွားစေခဲ့တယ်။ တနင်္ဂနွေဓမ္မသင်တန်းကျောင်းမှာပဲ လူအမျိုးမျိုး ကလေးတွေ သာမက ကျောင်းဆရာတွေနဲ့ပါ တွေ့ကာ ပေါင်းသင်းဆက်ဆံရေးကို နားလည် တတ်မြောက်ခဲ့တယ်။

မာတင်ရဲ့ မိခင်က သူ့သားကလေးကို 'အရေးပါသော ပုဂ္ဂိုလ်ဖြစ်ခြင်း' ဆိုတဲ့ သဘောထားကို အမြဲပဲ ရင်မှာစွဲထားဖို့ သွန်သင်ခဲ့တယ်။ အပြင်က လူတွေက သူ့ကို ဘာမှအရေးမပါတဲ့ ပါဝွားကလေးလို့ ပြောကြဆိုကြပါစေ သူ့ကိုယ်သူ အရေးပါသူတစ်ဦး ဖြစ်တယ်လို့သာ ယုံကြည်ထားရမယ်လို့ မာတင် မိခင်က အမြဲဆုံးမတယ်။

မာတင်လူသာကင်း ဂျူနီယာ လူလားမြောက်လာတာနဲ့အမျှ သူဟာ လူမည်းထုကြီးတစ်ရပ်လုံး အထူးသဖြင့် တောင်ပိုင်းဒေသရှိ လူမည်းတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ပိုပြီးပိုပြီး သတိထားမိလာတယ်။ သူ ကြည့်လိုက်တဲ့ နေရာတိုင်းမှာ 'လူဖြူများသာ' ဆိုတဲ့ ဆိုင်းဘုတ်တွေကို တွေ့ရတယ်။ လူမည်းတွေဟာ ဟိုတယ်၊ စားသောက်ဆိုင်နဲ့ စတိုးဆိုင် အတော်များများကို ဝင်ရောက်ဝယ်ယူ စားသောက်နိုင်ခြင်း မရှိဘူး။ သောက်ရေသောက်နိုင်တဲ့ ရေပန်းစင်ကလေးတွေမှာ လူဖြူတွေလို နေရာတိုင်းမှာ ဝင်မသောက်နိုင်ဘူး။ မြို့ကြီးပြကြီး အတော်များများမှာ လူမည်းများဟာ ဘတ်စ်ကားစီးတဲ့အခါ ကားနောက်ပိုင်းရှိ ထိုင်ခုံတွေမှာသာ စီးခွင့်ရတယ်။ တကယ်လို့ ဘတ်စ်ကားရှေ့တန်းထိုင်ခုံမှာ ဝင်ထိုင်ဖို့ ကြိုးပမ်းရင် အဲဒီလို ကြိုးပမ်းတဲ့ လူမည်း ထောင်သွင်း အကျဉ်းချခံမှာပဲ ဖြစ်တယ်။ လူမည်းတွေ ရုပ်ရှင်ကြည့်ချင်လို့




ရုံသွားကြည့်ရင်၊ ဆင်ဝင်ခန်းရှိ စကြံန်ကနေပဲ ကြည့်ရတယ်။ အဲဒီစည်းမျဉ်းဥပဒေကို ဂျင်ကရိုးဥပဒေလို့ ခေါ်တယ်။ ဥပဒေတွေက မာတင်ကို အကြီးအကျယ် ဒေါသထွက်စေခဲ့တယ်။

# ဂျင်ကရိုးဥပဒေ

'ဂျင်ကရိုး' ဆိုသော စကားရပ်ကို ၁၈၃၀ ပြည့်နှစ်ဝန်းကျင်တွင် ခြေသလုံးအိမ်တိုင် သီချင်းသီဆိုကာ အသုံးတော်ခံသူ အဆိုတော်တစ်ဦးက စတင်ခဲ့သည်။ ခြေသလုံးအိမ်တိုင် သီချင်းသည်များသည် အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့် မြောက်ပိုင်းတစ်ခွင်တွင် ခရီးလှည့်လည်ကာ ပွဲများ ခင်း၍ သီဆိုဖျော်ဖြေသူများ ဖြစ်သည်။ အမေရိကန် ပြည်တွင်းစစ်မတိုင်မီနှင့် စစ်ပြီးနောက်ပိုင်း ၎င်းတို့သည် လူကြိုက်အများဆုံး သီချင်းသည်များ ဖြစ်သည်။

ပွဲတစ်ပွဲတွင် လူဖြူအဆိုတော်တစ်ဦးသည် သူ့ကိုယ်သူ လူမည်းတစ်ဦးနှင့်တူစေရန် မျက်နှာကို အိုးမည်းသုတ်လိုက်သည်။ သူသည် လူမည်းများ ပျော်ရွှင်စေရန် လမ်းကြိုလမ်းကြား တစ်လျှောက် လှည့်လည်သီဆိုကပြသည်။ "I Jump Jim Crow" ဆိုတဲ့ စာသားနှင့် အဆုံးသတ်သည့် သီချင်းတစ်ပုဒ်ကို သူက သီဆိုသည်။



တချို့သော သူများက ယင်းဇာတ်ဆောင်သည် 'မစ္စတာ ကရိုး'ကို သူပိုင်သည့် လူမည်း ကျွန် အဘိုးကြီးတစ်ယောက်ကို အခြေခံသည်ဟု ဆိုကြသည်။ ၁၈၅၀ ပြည့်လွန်နှစ်များ ရောက်ချိန်တွင် ဇာတ်ဆောင် ဂျင်ကရိုးလို ခြေသလုံးအိမ်တိုင် သီချင်းသည်များ၏ သီဆိုပွဲ အတော်များများတွင် သီဆိုကပြကြသည်။ အမေရိကန်ပြည်တွင်းစစ်ကာလ ရောက်ချိန်တွင် 'ဂျင်ကရိုး' ဆိုသော စကားရပ်မှာ လူမည်းများနှင့် စပ်လျဉ်း၍ အဆိုးမြင်ပြောဆိုသော နည်းလမ်းတစ်ရပ် ဖြစ်ခဲ့သည်။ ၁၈၀၀ ပြည့်နှစ်များ ကုန်ဆုံးချိန်တွင် လူမျိုးခွဲခြားရေး ဥပဒေများကို ဂျင်ကရိုး ဥပဒေများဟု ခေါ်ခဲ့ကြသည်။

အထက်တန်းကျောင်း တက်ရတဲ့အချိန်မှာ မာတင်ဟာ ကျောင်းသွားကျောင်းပြန် ဘတ်စ်ကား ခရီးရှည်ကြီးကိုစီးပြီး ကျောင်းတက်ရတယ်။ ကားစီးလျှင် တခြားလူမည်းတွေ ထိုင်နေရာ ကားနောက်ခန်းဆီကို အမြဲပဲ လျှောက်ခဲ့ရတယ်။

တစ်ကြိမ်မှာ မာတင်နဲ့ သူ့ဆရာတစ်ယောက်ဟာ အဟောအပြောပြိုင်ပွဲတစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဂျော်ဂျီယာပြည်နယ်၊ ဒဗ္ဗလင်မြို့ကို ဘတ်စ်ကားနဲ့ အတ္တလန္တာမြို့ဆီ အိမ်ပြန်ခရီးမှာ ဘတ်စ်ကားမောင်းသူက မာတင်နဲ့ သူ့ဆရာကို လူဖြူ ခရီးသည်တွေအတွက် သူတို့ထိုင်နေတဲ့ နေရာကို ဖယ်ခိုင်းတယ်။ မာတင်နဲ့သူ့ဆရာတို့က ထုံးစံအတိုင်း ထမပေးတဲ့ အပြင် လှုပ်တောင် မလှုပ်တဲ့အခါ




ဘတ်စ်ကားမောင်းသမားက ဒေါသထွက်လာတယ်။ နောက်ဆုံးတော့ ဥပဒေအတိုင်း လိုက်လျောလိုက်ရတယ်။ ဆရာတပည့်နှစ်ယောက် မိုင် ၉၀ ခရီးကို ဘတ်စ်ကား အလယ်ကောင်မင်းလမ်းက တောက်လျှောက်မတ်တတ်ရပ်ပြီး လိုက်လာခဲ့ရတယ်။ ဒါပေမဲ့ မာတင်က ''ဒီကာလတွေရဲ့ တစ်ရက်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ခပ်ကြွားကြွား ခပ်မားမားရပ်ပြီး စိတ်ကိုလည်း ဒီလိုပဲ ခပ်မြင့်မြင့် ထားလိုက်တယ်''လို့ သူ့ကိုယ်သူ ပြောလိုက်တယ်။ တစ်နေ့ကျရင် ဘတ်စ်ကား ရှေ့တန်းခုံမှာ သူနေရမယ်ဆိုတာကို သိလိုက်တယ်။

## အခန်း – ၂
## ကျောင်းသားဘဝ

မာတင်လူသာကင်း ဂျူနီယာဟာ စာတော်ပြီး လိမ္မာရေးခြားရှိကာ အသိဉာဏ်ဗဟုသုတ ကြွယ်ဝသူ ကျောင်းသားတစ်ဦး ဖြစ်တယ်။ သူဟာ စာဖတ်ဝါသနာထုံပြီး ဟောရပြောရတာကို နှစ်သက်တယ်။ စာကို အလွန် ကြိုးစားလို့ တစ်နှစ်တည်းနဲ့ နှစ်တန်းတက်ရတယ်။ ၁၅ နှစ်သားအရွယ်မှာပဲ အထက်တန်းပညာ အောင်မြင်ပြီးမြောက်ခဲ့တယ်။

အဲဒီနွေရာသီမှာ မာတင်ဟာ ကွန်နက်တီကတ်ပြည်နယ် ဆင်းမ်ဇ်ဗူရီမြို့မှာ အလုပ်ဝင်လုပ်ခဲ့တယ်။ အဲဒီအကြိမ်မှာ မာတင်အဖို့ မြောက်ပိုင်းကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်တယ်။ သူဟာ ဆေးရွက်ကြီးစိုက်ခင်းမှာ အလုပ်ရခဲ့တယ်။ မြောက်ပိုင်းက အမေရိကန် လူမည်းတို့ဘဝမှာ တောင်ပိုင်းဒေသ အခြေအနေနဲ့ ဘယ်လောက်ကွာခြားတယ်ဆိုတာကို ကိုယ်တိုင်ကြုံရပြီး အံ့သြခဲ့ရတယ်။ မြောက်ပိုင်းမှာ လူမည်းနဲ့လူဖြူကလေးတို့ တစ်ကျောင်းတည်း




မှာပဲ ပညာသင်ခွင့်ရကြတယ်။ လူဖြူလူမည်း ခွဲခြားထားတဲ့ စားသောက်ဆိုင်မျိုး မရှိဘူး။

အမေရိကန်တောင်ပိုင်းမှာလည်း ဒီလိုပဲ ဖြစ်ရမယ်လို့ မာတင်အိပ်မက်မက်ခဲ့တယ်။ တကယ်လို့ အဲဒီလိုဖြစ်ဖို့ အခွင့်အလမ်းတွေရခဲ့ရင် သူ့အိပ်မက်လက်တွေ့အကောင်အထည်ပေါ်စေဖို့ ဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်တယ်။

မာတင်ဟာ မိုးဟောက်စ်ကောလိပ်မှာ ပညာဆက်လက်ဆည်းပူးဖို့ အတ္တလန္တာမြို့ကို ပြန်လာခဲ့တယ်။ ဒီကောလိပ်ဟာ သူ့ဖခင် ပညာဆည်းပူးခဲ့ရာ ကောလိပ်ကျောင်းပဲ ဖြစ်တယ်။ အဲဒီကောလိပ်က ကျောင်းသားကျောင်းသူအားလုံးမှာ လူမည်းတွေပဲ ဖြစ်တယ်။ ဆရာအားလုံးဟာလည်း လူမည်းတွေပဲ ဖြစ်တယ်။

ပထမပိုင်းမှာ မာတင်ဟာ သူ့ကိုယ်သူ ဘယ်ဘာသာရပ်ကို သင်ယူဆည်းပူးလိုကြောင်း သေသေချာချာ မသိဘူး။ သူသိထားတာ သူ့ဘဝကို လူမည်းတွေအတွက် ကူညီရင်းမြှုပ်နှံသွားဖို့ပဲ ဖြစ်တယ်။ ဒါပေမယ့် အဲဒီလို



Morehouse College

လူ့ညည်းတွေအကျိုး ဆောင်ရွက်ရာမှာ အကောင်းဆုံးနည်းက ဘာလဲ ...။ သူ့ဖခင် ခြေရာကိုနင်းပြီး ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်စေမယ့် နည်းလမ်းကို လိုက်ကောင်းလိုက်ရမယ်။ ဒါမှမဟုတ် ရှေ့နေတစ်ဦး ဖြစ်လာစေရမယ်။

ကောလိပ်ကျောင်းမှာ ပညာဆည်းပူး နေတုန်း မာတင်လူသာကင်း ဂျူနီယာဟာ ဟင်နရီဒေးဗစ်သော်ရိုးအမည်ရှိ ပုဂ္ဂိုလ်တစ်ဦး ရဲ့ စာတမ်းတို (အက်ဆေး) တစ်ပုဒ်ကို ဖတ်ရှု ခဲ့ရတယ်။ အဲဒီစာတမ်းတိုကို ၁၈၄၉ ခုနှစ်မှာ ရေးသားခဲ့တာ ဖြစ်တယ်။ အဲဒီစာတမ်းတိုမှာ ပြည်သူလူထုဟာ တရားမျှတမှု မရှိတဲ့ ဥပဒေ အားလုံးကို မလိုက်နာဘဲနေဖို့ အခွင့်အရေး ရှိတယ်လို့ သော်ရိုးက ဆိုတယ်။ သော်ရိုးခေတ် က အမေရိကန်ပြည်ထောင်စုမှာ ငွေဝယ်ကျွန်စနစ်ကို ခွင့်ပြုထားခဲ့တယ်။ သော်ရိုးက ကျွန်စနစ်ကို ကန့်ကွက်လိုတယ်။ အဲဒီ စနစ်ကို ခွင့်ပြုထားတာဟာ အစိုးရရဲ့အမှား ဖြစ်တယ်လို့ သူခံစားမိခဲ့တယ်။ ဒါကြောင့် သော်ရိုးဟာ သူပေးဆောင်ရမယ့် အခွန်တော်များကို မပေးဆောင်ဘဲ ငြင်း ဆန်ခဲ့တယ်။ ဒါကြောင့် သူ့ကိုဖမ်းဆီးပြီး ထောင်ချလိုက်တယ်။ သူ ဆောင် ရွက်သင့်ဆောင်ရွက်ထိုက်တာကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်တယ်။ မာတင် က သော်ရိုးရဲ့ စဉ်းစားတွေးခေါ်ဆင်ခြင်ပုံနည်းလမ်းကို သဘောကျတယ်။ သူဟာ သော်ရိုးရဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ ကန့်ကွက်ဆန္ဒပြခဲ့တာကိုလည်း နှစ်သက်တယ်။



ဟင်နရီဒေးဗစ်သော်ရိုး

မာတင် လေးစားနှစ်သက်တဲ့ ကောလိပ်ကျောင်းဆရာနှစ်ဦးမှာ ခရစ်ယာန်ဘုန်းကြီးတွေ ဖြစ်တယ်။ အဲဒီဆရာနှစ်ဦးကြောင့်ပဲ သူကိုယ်တိုင်လည်း ခရစ်ယာန်ဘုန်းကြီး ဖြစ်လာဖို့ ဆုံးဖြတ်ခဲ့တယ်။ မာတင်ဟာ ခရစ်ယာန်ဘုန်းကြီးတစ်ပါးအဖြစ် အသားအရောင် ခွဲခြားရေးစနစ်ကို ဆန့်ကျင်ကာ ဟောခဲ့ပြောခဲ့တယ်။ သူ့ရဲ့ လူမည်းလူထုကြီးကို ဘယ်လောက်ဂရုစိုက် အလေးထားတယ်ဆိုတာကို ပြခဲ့တယ်။

မာတင်လူသာကင်းဂျူနီယာဟာ အသက်ဆယ့်ခုနစ်နှစ်သား အရွယ်မှာပဲ သူ့ဖခင်ရဲ့ ဘုရားရှိခိုးကျောင်းမှာ ခရစ်ယာန်တရားဓမ္မတွေကို ပရိသတ်အား ဟောကြားခဲ့တယ်။ သူဟာ ခရစ်ယာန် ဘုန်းကြီးတစ်ပါး မဖြစ်သေးပေမဲ့ သူဟောတဲ့ တရားက လူထုပရိသတ်ကြီး အတွက် နှလုံးသားဝယ် စွဲမြဲနေပြီး စိတ်ဓာတ်တက်ကြွစေခဲ့ တယ်။ သူ့ရဲ့ စကားလုံးတွေဟာ ဝတ်ပြုနေတဲ့ ကျောင်းတော် အဖွဲ့ဝင် လူစုကိုသာမက သူ့ ဖခင်ကိုယ်တိုင်ကိုပါ စိတ်အာရုံ ကို ထိခိုက်စေခဲ့တယ်။ နောင် နှစ်တွေမှာပဲ မာတင်ဟာ ခရစ်ယာန် ဘုန်းကြီး ဖြစ်လာပြီး သူ့ဖခင်ကျောင်းထိုင်တဲ့ ဘုရားရှိခိုးကျောင်းမှာ ဖခင်ရဲ့ လက်ထောက် ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့တယ်။



၁၈၄၈ ခုနှစ်မှာ မာတင်ဟာ ကောလိပ်က ဘွဲ့ရရှိတယ်။ သူ့အသက် ၁၉ နှစ်သာ ရှိသေးတယ်။ မာတင်ရဲ့ ဖခင်က သူ့ကို အီဘီနက်ဇာ နှစ်ခြင်း ခရစ်ယာန်ကျောင်းတော်မှာ ဆက်ပြီးနေစေလိုတယ်။ ဒါပေမဲ့ မာတင်က ပညာကို ဆက်လက်ဆည်းပူးဖို့ ဆန္ဒရှိတယ်။ အဒီနှစ် စက်တင်ဘာလမှာ ပင်ဆယ်ဗေးနီးယားပြည်နယ်၊ ချက်စတာမြို့ရှိ ခရစ်ဘာသာရေးကျောင်း တစ်ကျောင်းဖြစ်တဲ့ ခရိုဇာကျမ်းစာသင်ကျောင်းကို တက်ရောက်ကာ ဘာသာ ရေး ပညာတွေ ဆက်လက်ဆည်းပူးခဲ့တယ်။ အဲဒီ ကျမ်းစာသင်ကျောင်းမှာ ကျောင်းသားတစ်ရာရှိတဲ့အထဲက လူမည်းကျောင်းသား ခြောက်ဦးလည်း ပါဝင်တယ်။

ခရိုဇာကျောင်းမှာ မာတင်ဟာ ခေတ်သစ်အိန္ဒိယနိုင်ငံရဲ့ ပထမဆုံး ခေါင်းဆောင် မဟတ္တမဂန္ဒီလို ပုဂ္ဂိုလ်တွေရဲ့ သွန်သင်ချက်တွေကို လေ့လာခဲ့ တယ်။ သော်ရိုးလို မဟတ္တမဂန္ဒီက အပြောင်းအလဲဟာ ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြတဲ့နည်းလမ်းနဲ့ ရရှိနိုင်တယ်လို့ ယုံကြည်ထားတယ်။

၁၉၅၁ ခုနှစ်မှာ မာတင်ဟာ ခရိုဇာကျမ်းစာသင်ကျောင်းက ဘွဲ့ရ ခဲ့တယ်။ သူဟာ အတန်းထဲမှာ အမြဲတမ်း ပထမရနေတဲ့ စာတော်တဲ့ ကျောင်း သား ဖြစ်တယ်။ ဒါပေမဲ့ အဲဒီအချိန်ထိ ကန့်ကွက်ဆန္ဒပြတာနဲ့ လူထုကို ကူညီနိုင်တဲ့နည်းလမ်းတွေ ယခုထက် ပိုပြီးလေ့လာဖို့ လိုသေးတယ်လို့ ယူဆ ထားတယ်။ ဒါ့ကြောင့် သူဟာ ဘော့စတွန်တက္ကသိုလ် ဘာသာရေး ကျောင်း ကို ဆက်လက်ပညာဆည်းပူးဖို့ မက်ဆာချူးဆက်ပြည်နယ်ကို ပြောင်းရွှေ့ လာခဲ့တယ်။

ဘော့စတွန်မြို့မှာ မာတင်ဟာ ကော်ရက်တာစကော့နဲ့ တွေ့ဆုံခဲ့ တယ်။ ကော်ရက်တာဟာ အယ်လာဘားမားမှာ ကြီးပြင်းခဲ့ပေမဲ့ အဆို တော်တစ်ယောက်ဖြစ်ဖို့ ဘော့စတွန်မှာ ပညာလာသင်တာ ဖြစ်တယ်။ သူတို့

နှစ်ဦး ပထမဆုံးချိန်းတွေ့ကြတဲ့နေ့က မာတင်ဟာ ကော်ရက်တာကိုခေါ်ဖို့ သူ့ကိုယ်ပိုင် အစိမ်းရောင်ချက်ပလက်ကားကလေးကို မောင်းလာခဲ့တယ်။ နေ့လယ်စာ စားပြီးတဲ့အခါ အမေရိကန်ပြည်ထောင်စုမှာ လူမည်းဖြစ်ရတာ ဘယ်လောက် ကိုယ့်ရောစိတ်ပါ ပင်ပန်းဆင်းရဲရတယ် ဆိုတာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးကြတယ်။ လူမည်းနဲ့ လူဖြူ ဘယ်လိုဘယ်ပုံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ပုံနဲ့ စပ်လျဉ်းပြီးလည်း ဆွေးနွေးခဲ့ကြတယ်။ မာတင်ဟာ ကော်ရက်တာကို အထင်ကြီးလေးစားမိခဲ့တယ်။



# မဟတ္တမဂန္ဒီ




မဟတ္တမဂန္ဒီသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးနှင့် ဘာသာရေး ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ သူသည် ပေါ်ဘန်ဒါမြို့တွင် ၁၈၆၉ အောက်တိုဘာ ၂ ရက်၌ မွေးဖွားခဲ့သည်။

အသက် ဆယ့်ရှစ်နှစ်သား အရွယ်တွင် ဂန္ဒီသည် ရှေ့နေတစ်ဦး ဖြစ် လာရန် ပညာဆည်းပူးရေးအတွက် လန်ဒန်မြို့သို့ ထွက်ခွာလာခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့ရသောအခါ ဂန္ဒီသည် အာဖရိက လူမည်းများကို ဒုတိယ တန်းစားနိုင်ငံသား အဆင့်သာ

သတ်မှတ်ထားသော တောင်အာဖရိကနိုင်ငံတွင် အလုပ်လုပ် ရန် သွားရောက်ခဲ့သည်။ မျှားမကြာမီမှာပင် ယင်းနိုင်ငံတွင် အိန္ဒိယ လူမျိုးများကိုလည်း အာဖရိက လူမည်းများနည်းတူ ပြုမူဆက်ဆံ ကြောင်းကို ဂန္ဒီ တွေ့ရှိခဲ့သည်။ တရားခွင်တွင် သူ၏ခေါင်း ပေါင်းကို ချွတ်ခိုင်းသည်။ လူမည်းသာ စီးရသော သီးခြားခွဲထား သည့် ကားနှင့် ရထားတွဲများ၌ စီးနင်းလိုက်ပါခဲ့ရသည်။ ထို အတွေ့အကြုံများကြောင့် ဂန္ဒီသည် ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြပွဲများကို ဦးဆောင်ရန် သန္နိဋ္ဌာန်ချခဲ့သည်။ ထိုနည်းက သာလျှင် ခွဲခြားဆက်ဆံမှုသည် လွန်စွာ မှားယွင်းနေ ကြောင်းကို ဖော်ပြနိုင်သည့် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း သူ ယုံ ကြည်ခဲ့သည်။

နောက်ပိုင်းတွင် ဂန္ဒီသည် သူ့ဇာတိ အိန္ဒိယနိုင်ငံသို့ ပြန်၍ ဇာတိနိုင်ငံ ဗြိတိသျှ စိုးမိုးအုပ်ချုပ်မှုအောက်၌ လွတ် မြောက်ရေးတွင် ကြီးကျယ်သော အခန်းကဏ္ဍက ပါဝင် ဆောင် ရွက်ခဲ့သည်။ သူသည် အကြိမ်ကြိမ်ထောင်ကျပြီး နှစ်ပေါင်း များစွာ အကျဉ်းချခံထားခဲ့ရသည့်တိုင် ဂန္ဒီသည် သူ့ဘဝ တစ်လျှောက်လုံး အကြမ်းမဖက်ရေးဝါဒကို ကျင့်သုံးခဲ့သည်။

ဝမ်းနည်းဖွယ် အဖြစ်ဆိုးမှာ ဂန္ဒီကြီးသည် အကြမ်းဖက် တိုက်ခိုက်ခံရ မှုကြောင့် သေဆုံးခဲ့ရခြင်းပင် ဖြစ်သည်။ ၁၉၄၈ ဇန်နဝါရီလတွင် ဂန္ဒီကြီးသည် ဟိန္ဒူအယူသန်သူတစ်ဦး ဖြစ်သူ နာသူရမ်ရို့၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့ရရှာသည်။ လူသတ် သမားက ဂန္ဒီသည် အိန္ဒိယကို နိုးကြားစေခဲ့ရာတွင် တာဝန်ရှိသူ ဖြစ်သည်ဟု ယူဆခဲ့သည်။ ကနေ့အချိန်တွင် ဂန္ဒီ၏စာအုပ်များနှင့် သင်ကြားချက်များမှာ ရှင်သန်လျက်ရှိပြီး မာတင်လူသာကင်း ဂျူနီယာ အပါအဝင် လူအများ၏ ချီးမွမ်းမှု၊ အာရုံဝင်စားမှုကို ခံခဲ့ရသည်။

တစ်နာရီလောက်သာ ကြာပြီးနောက် မာတင်က သူတို့နှစ်ဦး တစ်နေ့နေ့ လက်ထပ်ဖြစ်မှာကို သိရှိခဲ့တယ်။ သူ့တွက်ကိန်း မှန်တယ်။ ၁၉၅၃ ဇွန် ၁၈ ရက်နေ့မှာ အယ်လ်ဘားမားပြည်နယ်၊ မာရီယွန်မြို့၊ စကော့ရဲ့ နေအိမ်မှာ သူတို့နှစ်ဦး လက်ထပ်ခဲ့တယ်။



လူငယ် ဇနီးမောင်နှံဟာ ဘော့စတွန်မြို့မှာ နေထိုင်တယ်။ မာတင်ဟာ ဘော့စတွန် တက္ကသိုလ်မှာ သူ့ရဲ့ကျောင်းပညာ သင်ယူတာကို အဆုံးသတ်ခဲ့ပြီး ကော်ရက်တာကလည်း ဂီတဆရာမတစ်ဦးဖြစ်ရေး လုပ်ငန်းစဉ်ကို ပြီးဆုံးအောင် ဆောင်ရွက်ခဲ့တယ်။ တက္ကသိုလ်ပညာရေး ပြီးဆုံးတဲ့အခါ သူဟာ ဒေါက်တာမာတင်လူသာကင်းဂျူနီယာ ဖြစ်လာတယ်။ အခုအခါ မာတင်ဟာ သူ့ဘဝလုပ်ငန်းကို စတင်ဖို့ အဆင်သင့်ဖြစ်ပြီ။ ဒါပေမဲ့ ဒီဘဝခရီးစဉ်ကို သူ ဘယ်လိုအကောင်အထည် ဖော်ရမလဲဆိုတာ တိတိကျကျ မသိဘူး။

# အခန်း –၃
# မာတင် အလုပ်ရပြီ

မက်ဆာချူးဆက်က တစ်ကျောင်းနဲ့ နယူးယောက်မြို့က တစ်ကျောင်း ဘုရားရှိခိုးကျောင်းနှစ်ကျောင်းတို့က မာတင်ကို သူတို့ရဲ့ ဘုန်းကြီးဖြစ်လာစေလိုတယ်။ မာတင်က ဘယ်အလုပ်ကို တာဝန်ယူရမလဲဆိုတာကို စဉ်းစားနေတုန်းပဲ။ အယ်လ်လာဘားမားပြည်နယ် မောင်ဂိုမာရီမြို့က ဘုန်းကြီးမရှိတဲ့ ဒက်ဆ်တာအဲဗင်းန်ျူး နှစ်ခြင်း ခရစ် ယာန် ကျောင်းက သူတို့ကျောင်းတော်ကိုလာပြီး တရားဟောဖို့ ဖိတ်ကြားတဲ့ စာတစ်စောင် ရောက်လာတယ်။




၁၉၅၄ ဇန်နဝါရီလ ဆောင်းရာသီကာလ သာယာတဲ့နေ့တစ်နေ့မှာ မာတင်ဟာ အယ်လ်လာဘားမားပြည်နယ်ရှိ ခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက် လည်ပတ်ခဲ့တယ်။ အဲဒီခရီးမှာ ကားမောင်းလာတုန်း သူဟာ ရေဒီယိုက သူအကြိုက်ဆုံး အော်ပရာကို နားထောင်လာတယ်။ တေးသွားနဲ့ သာယာလှပတဲ့

ကျေးလက်ဒေသ ရှုခင်းက  လေးနာရီကြာ မောင်းရတဲ့ ကားလမ်းခရီးကို မြန်မြန်ဆန်ဆန်ပဲ ရောက်ရှိခဲ့တယ်။

ကားမောင်းလာချိန် မောင်ဂိုမာရီမြို့မှာ နောက်တစ်နေ့ ဟောရမဲ့ တရားကို လေ့ကျင့်ဟောပြောလာခဲ့တယ်။ အဲဒီမြို့ကို ရောက်ချိန်မှာပဲ သူ ဦးနှောက် ခြောက်သွားတယ်။ လူထုရှေ့မှာ စကားပြောရမှာ သူမကြောက်ရွံ့ဘူး။ သူ့ဖခင် ဦးစီးတဲ့ ဘုရားရှိခိုးကျောင်းမှာ မာတင်ဟာ လူထုပရိသတ်ရှေ့မှောက် မတ်တတ်ရပ်ပြီး တရားဟောတယ်။ ဒါပေမယ့် မာတင် သိထားတာက နောက်တစ်နေ့ သူတရား အဟောအပြောကောင်းခဲ့ရင် အဲဒီ ဘုရားကျောင်းရဲ့ ဘုန်းကြီးရာထူးကို သူရလိမ့်မယ်။


သူဟာ အမေရိကန်တောင်ပိုင်းမှာ နေထိုင်ဖို့ ဆန္ဒရှိမရှိ မသေချာသေးဘူး။ လူမည်းများအတွက် မြောက်ပိုင်းမှာ နေထိုင်ရတဲ့ဘဝက ပိုပြီး အဆင်ပြေချောမွေ့တာကို သူ သိတယ်။ မျှတမှုလည်းရှိတဲ့ မောင်ဂိုမာရီရှိ ဘုရားရှိခိုးကျောင်းဟာ အထူးကောင်းမွန်လှတဲ့ နေရာဖြစ်ပြီး သူ အဟောအပြောကောင်းကောင်းနဲ့ အထင်ကြီးမှုကို ရယူလိုတယ်။

သူတော်ကြောင်း၊ တတ်ကြောင်း လူထုကို ပြသင့်သလား၊ ပရိသတ်ကို သူ တတ်တဲ့ပညာရေးနဲ့ စပ်လျဉ်းပြီး ပြောသင့်သလား။ အဲဒီလို မဟုတ်ဘူး။ သူ လုပ်ဆောင်ရမည့် ကိစ္စအားလုံးမှာ သူ့ ဘုရားရှိခိုးကျောင်းတွေမှာ အရင်က ဟောခဲ့ပြောခဲ့တဲ့ အတိုင်းပဲ ဖြစ်မယ်ဆိုတာကို မာတင် သိတယ်။ တစ်နည်း နလုံးသားထဲက ထွက်လာတဲ့ တရားစကားကိုပြောရင်း လူထုအတွက် ဆုတောင်းမေတ္တာပို့သပေးဖို့ ဖြစ်တယ်။

## မောင်ဂိုမာရီ အလာဘားမား

၁၈၆၁ ဇန်နဝါရီ ၁၁ တွင် အလာဘားမားသည် 'ပြည်ထောင်စုမှ ခွဲထွက်ရန်' မဲဆန္ဒပေးခဲ့သည်။ ယင်းအချက်မှာ အမေရိကန်ပြည်ထောင်စု၏ ကျန်ဒေသများမှ သီးခြားခွဲ၍ နေမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ကာလတိုကလေးအတွင်းမှာပင် တောင်ပိုင်းဒေသရှိ အခြားပြည်နယ်ဆယ်ခုကလည်း ခွဲထွက်ရန် ဆန္ဒပေးခဲ့ကြသည်။ ပြည်နယ်များ အမေရိကန်ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆက်လက်နေထိုင်ရန် ဆန္ဒမရှိသည့် အကြောင်းအရင်းတစ်ရပ်မှာ မြောက်ပိုင်းပြည်နယ်များရှိ လူထုက ငွေဝယ်ကျွန်စနစ်ကို ဆုံးခန်းတိုင်စေလိုကြ၍ပင် ဖြစ်သည်။

၁၈၆၁ ဖေဖော်ဝါရီ ၁၈ တွင် မောင်ဂိုမာရီမြို့၌ ဂျက်ဖာဆင်ဒေးဗစ် သည် အမေရိကန်ပြည်ထောင်စု ခွဲထွက်ပြည်နယ်များ၏ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ခွဲထွက်ပြည်နယ်များ၏ ပထမဆုံး အလံတော်မှာ ယခုအခါ ပြည်နယ်အုပ်ချုပ်မှုရုံးဖြစ်သော အဆောက်အဦတွင် ငွားငွားစွင့်စွင့် လွင့်ပျံနေခဲ့သည်။ ထို့ကြောင့်ပင် မောင်ဂိုမာရီသည် ခွဲထွက်ပြည်နယ်များ၏ အချက်အချာမြို့အဖြစ် ထင်ရှားလာခဲ့သည်။



၁၈၆၅ ဧပြီလတွင် မြောက်ပိုင်းက ပြည်တွင်းစစ်ကို အနိုင်ရပြီး နိုင်ငံငွေဝယ်ကျွန်စနစ်နှင့် ခွဲထွက် ပြည်ထောင်စုကို အပြီးအပိုင် ချုပ်ငြိမ်းစေခဲ့တော့သည်။



မာတင်ရဲ့ ခရစ်ယာန်တရားဓမ္မ ဟောကြားတာ ကောင်းမွန်လှတော့ ဒက်ဆတာရိပ်သာ ဘုရားရှိခိုးကျောင်းက သူ့ကို တရားဟောဆရာအဖြစ် ဆောင်ရွက်ပေးဖို့ ကမ်းလှမ်းခဲ့တယ်။

မာတင်က ကော်ရက်တာနဲ့ ဆွေးနွေးတယ်။ သူကလည်း မာတင်လိုပဲ စိုးရိမ်တယ်။ တောင်ပိုင်းမှာ ကော်ရက်တာ အလုပ်အကိုင် ကောင်းကောင်း ရပါ့မလား။ မြောက်ပိုင်းမှာ လူမည်းအမျိုးသမီးက အခွင့်အလမ်းကောင်းတွေ ပိုရှိတယ်။ တောင်ပိုင်းမှာ ကလေးတွေကို ဘဝအောင်မြင်ဖြစ်ထွန်းအောင် မွေးမြူ ပြုစုရေးနဲ့ စပ်လျဉ်းပြီးလည်း မာတင်နဲ့ ကော်ရက်တာတို့ ဆွေးနွေးခဲ့ကြတယ်။

အစစအရာရာ စဉ်းစားပြီးနောက် မာတင်နဲ့ကော်ရက်တာတို့ အလာဘားမားမှာ အခြေချနေထိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ နောက်ဆုံး တောင်ပိုင်းဟာ သူတို့ရဲ့ နေရပ်ဌာနီ ဖြစ်လာတယ်။ ပိုပြီးအရေးပါတာက ဒက်ဆတာရိပ်သာ ဘုရားရှိခိုးကျောင်းမှာ မာတင်က ဒေသခံလူမည်းတို့ရဲ့ ပြဿနာအချို့ကို ကူညီဖြေရှင်းပေးနိုင်ခဲ့တာပဲ ဖြစ်တယ်။

# ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့

အလာဘားမားသို့ ပြောင်းရွှေ့ရန် ကင်းတို့မိသားစု ဆုံးဖြတ်လိုက်ချိန်လောက်မှာပင် အလွန်အရေးပါသော အမှုတစ်ခု ဗဟိုတရားရုံးသို့ ရောက်ရှိလာခဲ့သည်။ ကင်းဆပ်စ်ပြည်နယ် တိုပီကာမြို့တွင် လင်ဒါဘရောင်းအမည်ရှိ တတိယတန်းကျောင်းသူ လူမည်းမိန်းကလေး တစ်ဦးသည် ကျောင်းတက်ရန် နေ့စဉ်နေ့တိုင်း တစ်မိုင်ခန့် လမ်းလျှောက်ခဲ့ရသည်။ လင်ဒါ၏ ဖခင်က သူ့သမီးကလေးကို အိမ်နားက ကျောင်းတွင်အပ်ဖို့ ကြိုးစားသည်။ သို့သော် ကျောင်းအုပ်ကြီးက လင်ဒါကို လက်မခံ။ ထိုကျောင်းသည် လူဖြူကလေးများ အတွက်သာ ဖြစ်သည်။

ထိုအမှုနှင့် အလားတူ အမှုများပါ ကိုးပါးထိုင် ဗဟိုတရားရုံးသို့ ရောက်လာခဲ့သည်။



၁၉၅၄ မေ ၁၇ တွင် ဗဟိုတရားရုံး တရားသူကြီး ကိုးဦးစလုံးကပင် 'သတ်မှတ်ချက်ဖြင့် 'ခွဲ ထားသော' ကျောင်း များသည်သာတူညီမှု မရှိနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။'' 'ခွဲခြားထားသော်လည်း သာတူညီမှုရှိသည်' ဆိုသောအတွေးအခေါ် သဘောတရားမှာ ပျက်စီးသွားတော့သည်။ အစိုးရကျောင်းအားလုံးက လူဖြူရော လူမည်းကလေးများကိုပါ လက်ခံ၍ ပညာသင်ကြားပေးခဲ့ရတော့သည်။

# အခန်း – ၄
# ဘတ်စ်ကားပေါ်မှာ

မာတင်ဟာ ၁၉၅၄ စက်တင်ဘာလ ၁ ရက်နေ့မှာ ဒက်ဆတာရိပ်သာ နှစ်ခြင်းခရစ်ယာန်ကျောင်းတော် တရားဟောဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့ တယ်။ သူဟောကြားတဲ့ ခရစ်ယာန်တရားဒေသနာတွေမှ အသင်းတော်အဖွဲ့ဝင် အားလုံးကို မဲဆန္ဒပေး မှတ်ပုံတင်ဖို့ စည်းရုံးဆွဲဆောင်ခဲ့တယ်။ မဲဆန္ဒပေးတာ က မတရားတဲ့ဥပဒေတွေကို ပြောင်းလဲဖို့ နည်းလမ်းတစ်ရပ် ဖြစ်တယ်။ ဒါ့ပြင် အသင်းတော်အဖွဲ့ဝင်တွေကို ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံလုံးဆိုင်ရာ အသင်း ကြီး (The National Association for the Advancement of Colored People - NAACP) မှာ ပါဝင်ဆောင်ရွက်ဖို့ကိုလည်း အားပေး တိုက်တွန်းခဲ့တယ်။ အန်အေအေစီပီဟာ အမေရိကန်ပြည်ထောင်စုမှာ သက် တမ်း အရင့်ဆုံး လူ့အခွင့်အရေးအုပ်စုတစ်စု ဖြစ်တယ်။ အဲဒီ အသင်းကြီးကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဖွဲ့စည်း တည်ထောင်ခဲ့တယ်။ အဲဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်က လူနည်းစုလူမျိုးမှာ အလုပ်အကိုင်ရှာဖွေတာ၊ အိမ်ဝယ်ယူတာ ဒီလိုမှမဟုတ် ကျောင်းနေခွင့် လျှောက်တာတွေမှာ တန်းတူ ညီမျှမှုနဲ့ မျှတမှန်ကန်စွာ ပြုမူဆက်ဆံခံရစေရေးကို ကူညီဖို့ ဖြစ်တယ်။ ဒါဟာ လူ့အခွင့်အရေးရဲ့ သာဓကအချို့မျှသာ ဖြစ်တယ်။



ကော်ရက်တာ၊ ယိုလင်ဒါ နှင့် မာတင်

မောင်ဂိုမာရီမြို့မှာ တစ်နှစ်ခန့် နေထိုင်ပြီးနောက် ကော်ရက်တာဟာ ယိုလင်ဒါ ဒင်နစ်အမည်ရှိ သမီးကလေးကို မွေးဖွားတယ်။ မာတင်ဟာ သူ့ကလေးကို ယိုကီလို့သာ အတိုကောက်ခေါ်တယ်။ အခုအခါ ကင်းတို့မိသားစု ဖြစ်လာခဲ့တယ်။

ယိုလင်ဒါကို မွေးဖွားပြီး ရက်သတ္တနှစ်ပတ်သာ အကြာမှာ အမေရိကန်ပြည်ထောင်စု သမိုင်းကို အပြောင်းအလဲ ဖြစ်စေတဲ့ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့တယ်။ ၁၉၅၅ ဒီဇင်ဘာ ၁ ရက်မှာ ရိုဆာပတ်ခ်အမည်ရှိ အသက်လေးဆယ့်ငါးနှစ်အရွယ် လူမည်းအမျိုးသမီးဟာ မောင်ဂိုမာရီမြို့မှာ ဘတ်စ်ကားတစ်စီးပေါ်ကို တက်လာတယ်။ ကားပေါ်ရောက်တော့ လူမည်းတွေအတွက် သတ်မှတ်ထားတဲ့ နောက်ပိုင်းထိုင်ခုံတွေမှာ ဝင်မထိုင်ဘဲ လူဖြူတွေသာထိုင်ရတဲ့ ရှေ့တန်းထိုင်ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ယာဉ်မောင်းက သူ့ကို နေရာရွှေ့ခိုင်းတယ်။ ရိုဆာပတ်ခ်က ရွှေ့မပေးဘူး။ သူ အဖမ်းခံလိုက်ရတယ်။

# ရိုဆာပတ်ခ်




ရိုဆာပတ်ခ်ကို အလာဘားမားပြည်နယ် တာ့ခ်ကီဂီးမြို့တွင် ၁၉၁၃ ဖေဖော်ဝါရီ ၄ ရက်၌ မွေးဖွားသည်။ ရိုဆာ၏ မိဘများ ကွာရှင်း ပြတ်စဲပြီးနောက် သူနှင့် သူ့မိခင်တို့သည် ရိုဆာ၏ အဘိုးအဘွားများနေထိုင်ရာ လယ်မြေသို့ ပြောင်းရွှေ့လာခဲ့သည်။ ရိုဆာသည် အသက် ၁၁ နှစ် သမီးအရွယ်အထိ ကျောင်းမနေဘဲ အိမ်မှာပင် ပညာဆည်းပူးခဲ့သည်။ နောက်တော့ အထက်တန်းကျောင်းတက်သည်။ မကြာလှပါ။ မကျန်းမာသည့် အဘွားကို ပြုစု စောင့်ရှောက်ရန် ကျောင်းမှ ထွက်လိုက်ရသည်။ လက်ထပ်ပြီးနောက်မှ အထက်တန်းပညာကို ပြီးဆုံးအောင် သင်ယူခဲ့ရသည်။

၁၉၄၃ ခုနှစ်တွင် ရိုဆာသည် လူ့အခွင့်အရေး လှုပ်ရှားမှုများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာသည်။ သူသည် အင်အေအေစီပီ၏ ဒေသဆိုင်ရာအသင်းနှင့် မဲဆန္ဒရှင်များ အဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့သည်။

ရိုဆာသည် ကုန်ပဒေသာစတိုးဆိုင်ကြီး တစ်ဆိုင်တွင် အပ်ချုပ်သမအဖြစ် အလုပ်ဝင်လုပ်သည်။ နေ့စဉ်နေ့တိုင်း အလုပ်သွား အလုပ်ပြန် အများပြည်သူ စီးခွင့်ရှိသည့် ဘတ်စ်ကားကို စီးသည်။ ၁၉၅၅ ဒီဇင်ဘာ ၁ ရက်တွင် သူ အဖမ်းခံ

ရပြီးနောက် အချုပ်ခန်းမှာပင် ထိုညက အိပ်ချုပ်ရသည်။ အချို့က ရိုဆာသည် အလွန်ပင်ပန်းနွမ်းနယ်နေ၍ နေရာမဖယ်ပေးခြင်း ဖြစ်သည်ဟု ဆိုသည်။ ရိုဆာက သူတို့ပြောတာ မှန်ပါသည်။ သူ အရှုံးပေး လိုက်ရ၍ မောပန်း နွမ်းနယ် ခဲ့ရခြင်း ဖြစ်သည်ဟု ပြောခဲ့သည်။




ထို ဖြစ်ရပ် မတိုင်မီ နှစ်ပေါင်း တစ်ရာ နီးပါးက တည်းကပင် ပြည်တွင်းစစ် ပြီးဆုံးကာ ငွေဝယ်ကျွန် စနစ်ကို အပြီးအပိုင် ဖျက်သိမ်းခဲ့သည်။ လူမည်းတို့သည် ကျေးကျွန်များ မဟုတ်တော့ပေ။ သို့ရာတွင် နေရာဒေသ အတော်များများ၌ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များ ကာလအထိတိုင် တကယ့် လက်တွေ့ဘဝ မပြောင်းလဲခဲ့သေးသဖြင့် လူမည်းအတော်များ များက သူတို့အခွင့်အရေးများကို စတင်တောင်းဆိုလာခဲ့ကြသည်။ ရိုဆာပတ်ခ်၏ ကန့်ကွက်မှုသည် မဆိုစလောက် ဆောင်ရွက်မှုကလေး ဖြစ်စေကာမူ ခေတ်သစ် လူ့အခွင့်အရေး လှုပ်ရှားမှုများ၏ ကနဦးအစပင်ဖြစ်ခဲ့ကြောင်း လူအများက ယူဆခဲ့ကြသည်။

မာတင်လူသာကင်းဂျူနီယာ အပါအဝင် လူမည်းခေါင်းဆောင်တွေက ရိုဆာပတ်ခ် အဖမ်းခံရတဲ့ကိစ္စကို တွေ့ဆုံဆွေးနွေးကြတယ်။ မာတင်နဲ့ အခြားပုဂ္ဂိုလ်တွေ အကြံအစည်တစ်ခု စိတ်ကူးရခဲ့တယ်။ ကျောင်းသွား၊ ရုံးသွားတဲ့အခါမှာ မြို့တော်ဘတ်စ်ကားကို သူတို့မစီးကြတော့ဘူး။ ဒီလိုကန့်ကွက်တာမျိုးကို သပိတ်မှောက်တာလို့ ခေါ်တယ်။ တကယ်လို့ မောင်ဂိုမာရီမြို့ရှိ လူမည်းတို့ ဘတ်စ်ကားမစီးကြတော့ရင် ဘတ်စ်ကားကုမ္ပဏီ အရှုံးကြီး ရှုံးမယ်။ အဲဒီနောက် အစိုးရက ဥပဒေတွေကို ပြောင်းပေးရဖွယ်ရှိတယ်။

၁၉၅၅ မတ်လ ၅ ရက် တနင်္လာနေ့က သပိတ်တိုက်ပွဲ စတင်တဲ့နေ့ဖြစ်တယ်။ တနင်္လာနေ့ကစပြီး ကျောင်းနဲ့အလုပ်တွေ ရက်သတ္တပတ်သစ် စတင်ပြီး လူမည်းလူထုဟာ အငှားကားတက္ကစီ ဒါမှမဟုတ် အိမ်ကားတွေကိုပဲ စီးကြတယ်။ အချို့က ခြေလျင်လျှောက်ကြတယ်။ မာတင်က အခု သပိတ်ဟာ အင်အားကောင်းတဲ့သတင်းတစ်ရပ် ပေးလိုက်တာ ဖြစ်တယ်လို့ ယုံကြည်တယ်။ လူမည်းတွေ သူတို့ထိုင်ချင်တဲ့နေရာ မထိုင်ရရင် ဘတ်စ်ကားတွေကို မစီးကြတော့ဘူး။

တနင်္လာနေ့ နံနက်မှာ ကော်ရက်တာနဲ့ မာတင်တို့ အိပ်ရာက စောစောထကြတယ်။ အိမ်ပြတင်းပေါက်ကနေပြီး အပြင်ဘက်ရှိ ကားမှတ်တိုင်ကို လှမ်းကြည့်လိုက်တယ်။ ဘတ်စ်ကားတော့ ဆွဲတယ်။ ခရီးသည် တစ်ဦးမှမရှိ။ မာတင်က သူ့ကားထဲ ကမန်းကတန်းဝင်ကာ မြို့ထဲကို မောင်းသွားတယ်။




လူမည်းအားလုံးနီးပါးပဲ ကိုယ်ပိုင်ကားစီးလို့ဖြစ်စေ၊ ခြေလျင်လျှောက်လို့ဖြစ်စေ သွားလာနေကြတာကို သူ တွေ့ခဲ့တယ်။ အချို့သူများဆိုရင် သူ့တို့သွားမယ့်နေရာကို ဆယ်မိုင်ကျော်ထိတောင် ခြေလျင်သွားခဲ့ကြတယ်လို့ နောက်ပိုင်းမှာ သူ ကြားသိခဲ့ရတယ်။

သပိတ်တိုက်ပွဲ ပထမနေ့မှာ ကြောက်ခမန်းလိလိ အောင်မြင်မှုကြီး ရခဲ့တယ်။ ဒါပေမဲ့ အဲဒီအောင်ပွဲ ဆက်ရဖို့ လိုတယ်။ နောက်တစ်နေ့မှာ လူမည်းထု ဘတ်စ်ကား ဆက်မစီးတော့ဖို့လိုတယ်။ အဲဒီနောက်နေ့ နောက်နေ့တို့မှာလည်း ထိုနည်းအတိုင်းပဲ။ သူတို့က ဥပဒေမပြောင်းမချင်း သပိတ်တိုက်ပွဲ ဆက်လက်ဆင်နွှဲကြရမယ်။



မောင်ဂိုမာရီမြို့ အစိုးရအဖွဲ့က လူဖြူခေါင်းဆောင်တွေ ဒေါသအမျက်ထွက်ခဲ့ကြတယ်။ မြို့အတွင်း ပြေးဆွဲနေတဲ့ ဘတ်စ်ကားလိုင်းတွေ အရှုံးကြီးရှုံးနေတယ်။ ဒါပေမဲ့ လူဖြူခေါင်းဆောင်တွေက ဥပဒေကိုပြောင်းမပေးလိုကြဘူး။ ဥပဒေကို ပြောင်းပေးရမယ့်အစား လူမည်းထု ပိုမိုကြပ်တည်းအောင် အမျိုးမျိုး ကြိုးစားခဲ့ကြတယ်။ တက္ကစီကုမ္ပဏီတွေကို လူအများစု ကားခ စျေးကြီးနေလို့ တက္ကစီငှားမစီးနိုင်ဖို့ ရည်ရွယ်ပြီး တက္ကစီကားခတွေ တိုးယူဖို့ မင်းကြီးက ညွှန်ကြားခဲ့တယ်။ လူမည်းတွေအဖို့ ရွေးချယ်ဖို့ အခြားနည်းလမ်း မရှိ။ လိုရာခရီးကို ခြေကျင်လျှောက်ရုံပဲ ရှိတယ်။



ဒါပေမဲ့ မာတင်နဲ့ အခြားလူမည်းခေါင်းဆောင်တွေမှာ အစီအစဉ် တစ်ခု ရှိတယ်။ သူတို့ဟာ မော်တော်ကားတွေ စုပေါင်းပြေးဆွဲဖို့ စည်းရုံးထား တယ်။ လူမည်းရော လူဖြူပါ ပါဝင်တဲ့ လူတော်တော်များများက သပိတ် မှောက်ပွဲထဲ ပါဝင်ကာ ခရီး သွား ပြည်သူလူထုကို ပို့ ဆောင်ပေးဖို့ စေတနာ အလျှောက် တာဝန်ယူကြ တယ်။ အဲဒီဖြစ်ရပ်က ငြိမ်း ချမ်းစွာ ကန့်ကွက်ဆန္ဒပြပွဲရဲ့ သာဓကကောင်းတစ်ရပ် ဖြစ်တယ်။ ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြမှုဟာ အန္တရာယ်လည်း ရှိနိုင်တယ်။



မာတင်ကို မြို့ခံရဲအဖွဲ့က ဖမ်းဆီးလိုက်တယ်။ သူ့ကားကို သတ်မှတ်တဲ့ အမြန်နှုန်းထက် ပိုမောင်းတာကြောင့်လို့ ဆိုတယ်။ သူ သတ်မှတ်တဲ့ မြန်နှုန်းထက် ပိုမမောင်းကြောင်း မာတင် သိပါတယ်။ ဘတ်စ်ကားသပိတ် ရပ်ဆိုင်းသွားတဲ့အထိ သူ့ကို ရဲက ကြောက်လန့်သွားစေလိုတယ်။ နောက်




သူ့နေအိမ်ရဲ့ ဆင်ဝင်ပေါက် ခေါင်မိုးပေါ်ကို မီးလောင်းပုံးတစ်လက် ပစ်တင်တယ်။ အဲဒီတော့ သူ့မိသားစုအတွက် မာတင် ထိတ်လန့်သွားတယ်။ ဒါပေမဲ့ အဲဒီဖြစ်ရပ်က သူ့တိုက်ပွဲကို ရပ်ဆိုင်းသွားအောင် မစွမ်းဆောင်နိုင်ဘူး။

ဘတ်စ်ကားသပိတ်တိုက်ပွဲ တစ်နှစ်ကျော် ကြာခဲ့တယ်။ နောက်ဆုံး အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က မောင်ဂိုမာရီမြို့၌ ဘတ်စ်ကားစီးတာမှာ လူဖြူလူမည်း ခွဲခြားထားခြင်း ဥပဒေ ကို ရုပ်သိမ်းဖို့ ညွှန်ကြားခဲ့တယ်။

မာတင် အကြီးအကျယ် ပျော်သွားတယ်။ ခုအခါ လူထုကြီးတစ်ရပ်လုံး သူတို့ထိုင်ချင်တဲ့နေရာမှာ ထိုင်ပြီး ဘတ်စ်ကားစီးနင်းနိုင်တဲ့အချိန် ရောက်ခဲ့ပြီ မဟုတ်ပါလား ...။ ၁၉၅၆ ဒီဇင်ဘာလ ၂၁ နံနက်စောစောမှာ သပိတ်တိုက်ပွဲက နိုင်ခဲ့တဲ့ အခြားခေါင်းဆောင်သုံးဦး မာတင်အိမ်ကို ရောက်လာတယ်။

သူတို့အားလုံး အနီးဆုံး ဘတ်စ်ကားမှတ်တိုင်ဆီ လျှောက်လာတဲ့အခါ သတင်းထောက်တွေကလည်း လိုက်လာတယ်။ သတင်းထောက်တွေက မေးခွန်းတွေ မေးတယ်။ ကင်မရာတွေနဲ့လည်း မာတင့်မျက်နှာကို တဖျပ်ဖျပ် ဓာတ်ပုံရိုက်နေတယ်။ အဲဒီနေ့ဟာ တကယ်အရေးပါတဲ့နေ့ပဲ ဖြစ်တယ်။ ဘတ်စ်ကားမှတ်တိုင်ကို ရောက်လာတဲ့အခါ မာတင်နဲ့ အခြားခေါင်းဆောင်တွေ ဘတ်စ်ကား တက်စီးကြတယ်။ သတင်းထောက်တွေကလည်း ထက်ကြပ် မကွာလိုက်လာတယ်။ မာတင်က ရှေ့ဆုံးတန်းက ထိုင်ခုံမှာ ဝင်ထိုင်လိုက် တယ်။ သူ့မျက်နှာမှာ ပီတိဖြစ်ပြီး အပြုံးပန်းတွေ ဝေဆာလျက်ရှိတယ်။




# အခန်း – ၂
# ငြိမ်းချမ်းစွာ တိုက်ပွဲဝင်ခြင်း

မောင်ဂိုမာရီမှာ ဘတ်စ်ကားတွေကို စုစည်းတာဟာ အလုပ်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အခုတိုက်ပွဲမှာ ကနဦးအစမျှသာ ရှိသေးကြောင်း မာတင်လူသာကင်းဂျူနီယာ သိရှိခဲ့တယ်။ မာတင်နဲ့ အခြားလူမည်းခေါင်းဆောင်တွေ အတ္တလန္တာမြို့မှာ တွေ့ဆုံခဲ့ကြတယ်။ သူကို့ဟာ အက်စ်စီအယ်လ်စီ (SCLC) တောင်ပိုင်း ခရစ်ယာန်ခေါင်းဆောင်များ ကွန်ဖရင့် (The Southern Christian Leadership Conference) လို့ ခေါ်တဲ့ လူ့အခွင့်အရေးအုပ်စုတစ်ခုကို ဖွဲ့စည်းခဲ့တယ်။ ၁၉၅၇ ဖေဖော်ဝါရီလ ၁၄ ရက်မှာ မာတင်ဟာ အဲဒီအုပ်စုရဲ့ ခေါင်းဆောင် ဖြစ်လာခဲ့တယ်။

တောင်ပိုင်းမှာ လူ့အခွင့်အရေး ခေါင်းဆောင်တွေဟာ တိုးပွားလျက်ရှိတဲ့ အကြမ်းဖက်မှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ လူတစ်ယောက်ရဲ့နေအိမ် ဗုံးခွဲ တိုက်ခိုက်ခံခဲ့ရတယ်။ ဘုရားရှိခိုးကျောင်း အတော်များများလည်း တိုက်ခိုက်ခံရတယ်။ ယာဉ်ပြင်စခန်းနဲ့ အငှားယာဉ်ရပ်နားစခန်း ဗုံးခွဲတိုက်ခိုက်ခံရတယ်။ လူတိုင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်ဖို့ မာတင်က တိုက်တွန်းခဲ့တယ်။ ''ဘယ်လိုအခြေအနေမျိုးမှာမှ အကြမ်းဖက်တိုက်ခိုက်တာမျိုးနဲ့ လက်တုံ့မပြန်ရဘူး'' လို့ သူက သတိပေးပြောခဲ့တယ်။ သူ့အကြံပေးချက်ကို လိုက်နာဖို့ ခဲယဉ်းမှာကိုလည်း သူ သိတယ်။

မာတင်ရဲ့ မိန့်ခွန်းများကြောင့် မောင်ဂိုမာရီမှာ ထင်ပေါ်ကျော်ကြား လာခဲ့တယ်။ သူ ဘယ်နားသွားသွား ထောင်သောင်းချီ လူထုက သူ့တရားပွဲ နားထောင်ဖို့ လိုက်ခဲ့ကြတယ်။ လူထုက အပြေးအလွှားလာကြပြီး သူ့ကို အော်တိုရေးနိုင်းကြတယ်။

၁၉၅၇ မေ ၁၇ ရက်နေ့မှာ မာတင်ဟာ ဝါရှင်တန်ဒီစီရှိ Prayer Pilgrimage ခေါ် လူထုအစည်းအဝေးကြီးမှာ မိန့်ခွန်းပြောခဲ့တယ်။ ဘရောင်းနဲ့ ပညာရေးဘုတ်အဖွဲ့ (Brown v. The Board of Education) passage ရဲ့ တတိယမြောက် နှစ်ပတ်လည်ပွဲမှာ လူထုချီတက်ပွဲကြီးတစ်ရပ် ကျင်းပခဲ့တယ်။ ချီတက်ပွဲကြီး ကျင်းပတဲ့နေ့မှာ လူမည်းတွေရော လူဖြူတွေ ပါဝင်တဲ့ ထောင်သောင်းချီရှိတဲ့ လူထုပရိသတ်ကြီးဟာ လင်ကွန်းအထိမ်းအမှတ် အဆောင်အဦရှေ့မှာ စုဝေးခဲ့ကြတယ်။ ဟောပြောသူတွေက အစိုးရကို ပြည်သူလူထုအခွင့်အရေး ဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းပေးဖို့ မေတ္တာရပ်ခံခဲ့တယ်။ ဒီဥပဒေကြမ်းက အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံသူနိုင်ငံသားအားလုံး တရားဥပဒေကြောင်းအရ တန်းတူညီမျှတဲ့ အခွင့်အရေးတွေရှိကြောင်းကို အာမခံချက်ပေးမှာ ဖြစ်တယ်။



ပြည်သူလူထု အခွင့်အရေးဥပဒေကြမ်းရဲ့ အရေးပါတဲ့ အစိတ်အပိုင်း တစ်ရပ်မှာ အရွယ်ရောက်သူ နိုင်ငံသားတိုင်း မဲဆန္ဒပေးခွင့် ရရှိရေးကို အာမခံ ချက်ပေးထားတာ ဖြစ်တယ်။ အဆိုပါ Prayer Pilgrimage မှာ မာတင်က ပြည်သူလူထုကို အခွင့်အရေးဥပဒေကြမ်း အမြန်ဆုံး ပြဋ္ဌာန်းပေးဖို့ သမ္မတ ဒွိုက်အိုက်ဆင်ဟောင်ဝါကို မေတ္တာရပ်ခံခဲ့တယ်။

မာတင်က ချီတက် တရားဟောနေဆဲကာလမှာ ကော်ရက်တာက ကင်း၏ အိမ်ထောင်စုကိစ္စတွေနဲ့ ဗျာများနေတယ်။ အောက်တိုဘာ ၂၃ မှာ ဒုတိယမြောက်ကလေး၊ တတိယမာတင် လူသာကင်း (Martin Luther King III ) ကို မွေးဖွားတယ်။ မာတင်က ကော်ရက်တာနဲ့ စပ်လျဉ်းပြီး ကျွန်တော့် ချစ်ဇနီး ကော်ရက်တာရဲ့ ကျေးဇူးတွေ ကျွန်တော်ပေါ် အများကြီး ရှိတယ်။ သူ့ရဲ့ ခင်ပွန်းသည်အပေါ် ချစ်မေတ္တာ ကြီးမားမှု၊ စွန့်လွှတ် အနစ်နာခံမှုနဲ့ သစ္စာရှိမှုတွေသာ မရှိရင် ကျွန်တော့်ဘဝ ရော ကျွန်တော်လုပ်ငန်းတွေပါ ရည်မှန်း




ချက်အတိုင်း ပြီးမြောက်အောင်မြင်မှာ မဟုတ်ပါဘူး'' လို့ ပြောကြားခဲ့တယ်။ ဒီလိုကာလမျိုးမှာ ကော်ရက်တာက အဲဒီလှုပ်ရှားမှုတွေမှာ အကြီးအကျယ် ပါဝင်ပတ်သက်ပြီး တက်ကြွစွာ ဆောင်ရွက်လိုတယ်။ ဒါပေမဲ့ မာတင်က ကော်ရက်တာ အိမ်မှာပဲနေပြီး ကလေးတွေကိုပဲ ထိန်းကျောင်း ပြုစုပေးဖို့ ပိုပြီး လိုလားတယ်။

# ၁၅ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု

၁၈၇၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆယ့်ငါးကြိမ်မြောက် ပြင်ဆင်ချက်အရ အသက်နှစ်ဆယ့်တစ်နှစ်နှင့် အထက် အမေရိကန်နိုင်ငံသား အမျိုးသားများ ဆန္ဒမဲပေးခွင့်ရရှိခဲ့သည်။ (လူဖြူရော လူမည်းပါ အမျိုးသမီးမှန်သမျှ ၁၉၂၀ ပြည့်နှစ်ထိတိုင် မဲဆန္ဒ ပေးပိုင်ခွင့် မရရှိခဲ့ပေ) သို့ရာတွင် ထိုအချိန်ထိတိုင် အမေရိကန် တောင်ပိုင်းဒေသ အားလုံး၌ လူမည်းမှန်သမျှ မဲဆန္ဒပေးခွင့် မရကြသေးပေ။ သူတို့သည် မဲပေးခွင့် မရမီ "Poll Tax" ခေါ်သည့် မဲအခွန်ကို ပေးဆောင်ရမည်ဟု ဆိုသည်။ လူမည်း အတော်များများမှာ ဆင်းရဲလွန်းသဖြင့် ထိုအခွန်ကို မပေးဆောင်နိုင်ပေ။ လူမည်းအချို့ဆိုလျှင် စာရေးစာဖတ် တတ် မတတ် စစ်ဆေးခံရသည်။ အရေးအဖတ် မတတ်လျှင် မဲထည့်ခွင့်မရဘဲ လှည့်ပြန်သွားရုံသာ ရှိသည်။ သမ္မတ ရွေးကောက်ပွဲတွင် ၎င်းတို့ မဲဆန္ဒပေးပိုင်ခွင့် မရှိပေ။ ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲအတွက်လည်း မဲဆန္ဒပေးခွင့် မရှိ။ ဒေသန္တရ ခေါင်းဆောင် ရွေးကောက်ပွဲတွင်လည်း မဲပေးခွင့်မရပေ။ ထိုဖြစ်ရပ်မှာ တရားမျှတမှု မရှိရုံသာမက ဥပဒေနှင့်လည်း ဆန့်ကျင်သည်။



၁၉၅၉ မှာ မာတင်ဟာ အိန္ဒိယကို ခရီးထွက်ရာမှာ ကော်ရက်တာကို ပါ သူနဲ့အတူ ခေါ်သွားဖို့ သဘောတူခဲ့ရတယ်။ မာတင် သူလေးစား ကြည်ညိုတဲ့ သူရဲကောင်း ဂန္ဒီ နေထိုင်ခဲ့ရာ နိုင်ငံကို သွားရောက်လေ့လာလို တဲ့ ဆန္ဒ ရှိခဲ့တယ်။ တစ်နိုင်ငံလုံးအနှံ့ သူ ခရီးသွားပြီးနောက် အိန္ဒိယနိုင်ငံ သမိုင်းဟာ ချမ်းသာ ဆင်းရဲ ကွာဟလွန်းလှကြောင်း တွေ့ရှိခဲ့ရတယ်။ လူ အတော်များများမှာ အလုပ်အကိုင် မရှိကြဘူး။ အတော်များများ လမ်းဘေး မှာ အိပ်နေကြရတယ်။ တစ်ဖက်မှာတော့ လူချမ်းသာတွေက ခံ့ညားထည်ဝါ တဲ့ အိမ်ကြီးရခိုင်နဲ့ နေထိုင်ကြပြီး ပိုးဖဲကတ္တီပါစတဲ့ အရောင်းအသွေးစုံ လှပတဲ့ အဆင့်အတန်းမြင့် ဝတ်ကောင်းစားကောင်းတွေကို ဝတ်ဆင်ကြတယ်။ အဲဒီလောက် ဆင်းရဲမွဲတေကြပေမဲ့ လူထုဟာ ငြိမ်းငြိမ်းချမ်းချမ်း အေးအေး ဆေးဆေးပဲ နေထိုင်နေကြတယ်။ ဟုတ်ပါတယ်။ သူတို့ ဆင်းရဲကြတယ်။ ဒါပေမဲ့ သူတို့ကြုံနေရတဲ့ ဒုက္ခအဝဝကို အခြားသူတွေကို မပေးကြဘူး။



မာတင်ဟာ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီရဲ့ အမှတ်တရ နေရာ အချို့ကို သွားရောက်လည်ပတ်ခဲ့တယ်။ မာတင်နဲ့ သူ့အဖွဲ့ဟာ ဘမ်ဘီ လို့ ခေါ်တဲ့ နေရာကို သွားရောက်ခဲ့တယ်။ အဲဒီနေရာမှာ ဂန္ဒီကြီး ဆားခွန် တော် မပေးရေး ကန့်ကွက်ဆန္ဒပြမှုအဖြစ် မိုင်ပေါင်းနှစ်ရာကျော် ခြေကျင်ခရီး ရှည် စတင်လျှောက်ခဲ့တဲ့နေရာ ဖြစ်တယ်။ ဂန္ဒီဟာ အဲဒီနေရာက လူရှစ် ယောက်နဲ့ ဆန္ဒပြ ခြေကျင်ခရီး စတင်ခဲ့တယ်။

တဖြည်းဖြည်းနဲ့ ဆန္ဒပြသူ ဦးရေ ထောင်ချီတိုးလာတယ်။ အချို့က ဆိုရင် ခရီးအဆုံးမှာ လူဦးရေ တစ်သန်းကျော်ထိ ဆားခွန်တော် ဆန့်ကျင်ရေး ခြေလျင်ခရီးရှည် ဆန္ဒပြပွဲမှာ ပါဝင်ခဲ့ကြတယ်လို့ ပြောကြတယ်။ ဂန္ဒီက သူ့ဦးဆောင်မှုနောက် လိုက်ပါတဲ့ လူထုကြီးကို ''ခင်ဗျားတို့ အရိုက်ခံရရင် သူ့ကို ပြန်မရိုက်ကြပါနဲ့။ သေနတ်နဲ့ ပစ်ခံရရင်တောင် ပြန်မပစ်ပါနဲ့။ ကိုယ့် ခရီးကိုယ် ဆက်သာ လျှောက်ပါ'' ဟု မေတ္တာရပ်ခံခဲ့တယ်။

မာတင်ဟာ အိန္ဒိယနိုင်ငံမှာ ထူးခြားတဲ့ အတွေ့အကြုံ ရရှိခဲ့တယ်။ အမေရိကန်ကို ပြန်လာတဲ့အခါ သူဟာ ငြိမ်းငြိမ်းချမ်းချမ်း ကန့်ကွက်ဆန္ဒပြ တာရဲ့ စွမ်းပကားကို ပိုပြီးတော့ ယုံကြည်လာခဲ့တယ်။

၁၉၅၉ ခုနှစ်မှာ ကင်းမိသားစုဟာ မောင်ဂိုမာရီမြို့က အတ္တလန္တာမြို့ ကို ပြောင်းရွှေ့ခဲ့ကြတယ်။ မောင်ဂိုမာရီကနေ အနိုင်နိုင်ခွဲခွာခဲ့ရတာ ဖြစ်ပေ မဲ့ မာတင်က ပြည်သူ့အခွင့်အရေးလုပ်ငန်းတွေအတွက် အချိန်ပိုပေးလိုတာ ကြောင့် ပြောင်းရွှေ့ခဲ့တာ ဖြစ်တယ်။ သူဟာ အချိန်ပြည့် ခရစ်ယာန်ဘုန်း ကြီးတစ်ပါးအဖြစ် မဆောင်ရွက်နိုင်တော့ဘူး။ သူတာဝန်ယူထားတဲ့ ဘုရား ရှိခိုးကျောင်းမှာ ဝတ်ပြုမြဲ ပရိသတ်ကို ''ကျွန်တော် ရှောင်ပြေးလို့ မရနိုင် တဲ့ တာဝန်တွေကို သမိုင်းက ကျွန်တော့်ကို ထိုးပေးနေပြီ'' လို့ ပြောကြား ခဲ့တယ်။ အတ္တလန္တာမြို့မှာ မာတင်လူသာကင်း ဂျူနီယာဟာ သူ့ဖခင်ရဲ့

ဘုရားရှိခိုးကျောင်းဖြစ်တဲ့ အီဘီနီဇာနစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း မှာ တွဲဖက်သင်းအုပ်ဆရာ ဖြစ်လာခဲ့တယ်။

၁၉၆၀ ပြည့်နှစ် ရောက်တဲ့အခါ ပြည်သူလူထုအခွင့်အရေး လှုပ်ရှားမှုဟာ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းတစ်ခွင် ပျံ့နှံ့နေတယ်။ လူမည်းကျောင်းသားတွေနဲ့ လူဖြူကျောင်းသားတွေ နေ့လယ်စာ စားတဲ့ ဆိုင်တွေမှာ ထိုင်သပိတ် ဆင်နွှဲတယ်။ နေ့လယ်စာ အရောင်းကောင်တာနားမှာ 'လူဖြူများသာ' ဆိုတဲ့ နေရာတွေမှာ ကျောင်းသားတွေ အတူဝင်ထိုင်ကာ စားပွဲထိုးက အစားအသောက်လာချပေးတဲ့အထိ စောင့်ဆိုင်းနေကြတယ်။ ရဲက



သူတို့ကို မကြာခဏပင် ဆိုင်အပြင်ဘက် ဆွဲထုတ်တယ်။ အဲဒီလို အဖမ်းခံရတဲ့အခါ မျိုးမှာ ကျောင်းသားတွေက ဘယ်တော့မှ လက်တုံ့ပြန် တိုက်ခိုက်တာမျိုး မလုပ်ဘူး။ တစ်ခါတစ်ရံ လူဖြူတွေကအော်ဟစ်ပြီး ကျောင်း

သားတွေကို တံထွေးနဲ့ ထွေးတယ်။ တချို့က ကျောင်းသားတွေကို ခဲနဲ့ ပေါက်တယ်။ ကျောင်းသား ဘယ်လောက်များများ ထောင်ချခံရပါစေ အရေးမကြီး၊ နောက် တစ်နေ့မှာ ကျန်ကျောင်းသားတွေက အဲဒီနေ့လယ်စာ အရောင်းကောင်တာမှာ ပဲ ထိုင်သပိတ်ထပ်မှောက်ကြမှာပဲ ဖြစ်တယ်။ သူတို့ သပိတ်တိုက်ပွဲ ဆက်လက် ဆင်နွှဲရတာက သူတို့ယုံကြည်ရာကို တိုက်ပွဲဝင်တာ ဖြစ်တယ်။

မာတင်ဟာ ထိုင်သပိတ်မှာ ပါဝင်ဆင်နွှဲတယ်။ ၁၉၆၀ အောက်တိုဘာ ၁၉ မှာ အတ္တလန္တာမြို့ စတိုးဆိုင်ကြီးတစ်ခုရဲ့ နေ့လယ်စာ ရောင်းချနေတဲ့ ကောင်တာမှာ သူအဖမ်းခံခဲ့ရတယ်။ အဲဒီနေ့တစ်နေ့တည်းမှာပဲ ကျောင်းသား နှစ်ရာကျော် ဖမ်းဆီးခံရတယ်။ သူတို့အားလုံးကို ဖူလ်တန်ခရိုင်အကျဉ်းထောင် ကို ခေါ်သွားခဲ့တယ်။ ထိုင်သပိတ်ဆင်နွှဲပြီး တိုက်ပွဲဝင်တာက လူမျိုးရေးအရ တရားမျှမှုမရှိခြင်းကို ညွှန်ပြနေကြောင်း မာတင်က တရားသူကြီးကို ပြောပြ ခဲ့တယ်။ လူဖြူများ သက်သက်သာ ဝင်ရောက်စားသောက်နိုင်တဲ့ နေရာတွေ ရှိတာက ဘယ်လောက်မှားယွင်းနေတယ်ဆိုတာကို အတ္တလန္တာမြို့ကို မြင်စေ ချင်တဲ့ဆန္ဒ မာတင်မှာ ရှိတယ်။ သူက ''အသားအရောင် ခွဲခြားရေးစနစ်ဟာ အင်မတန်ဆိုးရွားစေတယ်ဆိုတာကို ကျွန်တော်တို့ နိုင်နိုင်မာမာ ယုံကြည် တယ်လို့ ကျွန်တော် ရိုးသားစွာ ပြောကိုပြောရမှာပဲ'' လို့ ပြောကြားခဲ့တယ်။

ငါးရက်ကြာခဲ့ပြီ။ မာတင်နဲ့ ကျောင်းသားတွေ အကျဉ်းထောင်က မလွတ်သေးဘူး။ အတ္တလန္တာရှိ လူမည်းတွေက အထူးပဲ စိုးရိမ်ပူပန်ခဲ့ကြတယ်။ နောက်ဆုံး နေ့လယ်စာရောင်းချတဲ့ ကုန်တိုက်ကြီးရဲ့ ပိုင်ရှင်က အမှုရုပ်သိမ်း လိုက်လို့ အားလုံး ထောင်က လွတ်လာခဲ့တယ်။ ဒါပေမဲ့ လူဖြူအတော် များများက အခုချိန်ထိ မာတင်ကို ဒေါသထွက်နေကြဆဲ ဖြစ်တယ်။ သူတို့က မာတင်ကို ထောင်ထဲ ပြန်ထည့်လိုကြတယ်။

၁၉၆၀ မေ ၄ ရက်နေ့မှာ ရဲက မာတင်ရဲ့ကားကို ရပ်ခိုင်းပြီး စစ်ဆေးတယ်။ သူတို့က မာတင်ကို အလာဘားမား ယာဥ်မောင်းလိုင်စင်နဲ့ ဂျော်ဂျီယာမှာ မောင်းနှင်ဖို့ လက်မှတ်ပေးထားတယ်။ ဒါ့ကြောင့် မာတင်က အဆိုးဆုံး ဖြစ်နိုင်ခြေမှာ တရားရုံးမှာ ဒဏ်ငွေဆောင်ရုံပဲ ဖြစ်တယ်လို့ တွက်ထားတယ်။

သူထင်သလို ဖြစ်မလာဘူး။ မာတင်ကို ဖမ်းဆီးပြီး သံခြေကျင်းခတ်လိုက်ကာ မိုင်နှစ်ရာကျော်ဝေးတဲ့ ပြည်နယ်အကျဉ်းထောင်ကို ကားနဲ့ခေါ်သွားတော့တယ်။ အကျဉ်းထောင်ကို ကားစီးခဲ့ရတဲ့ခရီးက ရှည်တယ်။ မာတင် ဆာလောင်တယ်။ ရေကလည်း ငတ်လာတယ်။ မာတင် ထိတ်လန့်လာတယ်။



မာတင်ရဲ့ အဖြစ်အပျက်ကို သူ့နောက်လိုက် ရဲဘော်ရဲဘက်တွေ ကြားသိရတဲ့အခါ သူထောင်က လွတ်မြောက်ရေးကို သူတို့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးပမ်းခဲ့ကြတယ်။ သူတို့ဟာ သမ္မတရာထူးအတွက် ယှဉ်ပြိုင်နေကြတဲ့ ဒုတိယသမ္မတ ရစ်ချတ်နစ်ဆင်နဲ့ အထက်လွှတ်တော်အမတ် ဂျွန်အက်ဖ်ကနေဒီ တို့ကို တယ်လီဖုန်းဆက်သွယ်ပြီး အကူအညီတောင်းတယ်။





ရစ်ချတ်နစ်ဆင်

ပထမတော့ ဘယ်သူကမှ အကူအညီ မပေးလိုကြဘူး။ လူဖြူမဲဆန္ဒရှင်တို့ ဒေါသထွက်မယ့်အရေး သူတို့ စိုးရိမ်ကြတယ်။ ထောင်ကျနေတဲ့ မာတင်လူသာကင်းနဲ့ စပ်လျဉ်းပြီး သတင်းထောက်တွေက နစ်ဆင်ကို မေးမြန်းရာ နစ်ဆင်က ''ဘာမှ မပြောလိုပါ'' လို့ ဖြေကြားခဲ့တယ်။

နောက်ဆုံးမှာ ကနေဒီရဲ့ မိတ်ဆွေတစ်ယောက်က အထက်လွှတ်တော်အမတ် ကနေဒီ ကူညီမယ်လို့ ယုံကြည်စိတ်ချကြောင်း ပြောတယ်။ ပထမဆုံး ကနေဒီက ကော်ရက်တာကို ခေါ်တွေ့တယ်။ ကော်ရက်တာမှာ



ဂျွန်အက်ဖ်ကနေဒီ

တတိယမြောက်ကလေးကို ကိုယ်ဝန်ဆောင်ထားရပြီး အကြီးအကျယ်စိတ်ဓာတ်ကျနေတယ်။ ဂျွန်အက်ဖ်ကနေဒီက ကော်ရက်တာကို သူနဲ့ ရှေ့နေတစ်ဦးဖြစ်တဲ့ သူ့ညီက မာတင်ကို ကူညီဖို့ သူတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အစစ အရာရာ ကြိုးပမ်း ဆောင်ရွက်မယ်လို့ ပြောကြားခဲ့တယ်။ မာတင်ကို ထောင်ချခဲ့တဲ့ တရားသူကြီးကို ရောဘတ်ကနေဒီက သွားရောက်တွေ့ဆုံတယ်။ မာတင်ကို ဘာကြောင့် အာမခံ မပေးရတာလဲ ဆိုတာကို သိလိုတယ်။ တရားသူကြီးက အာမခံပေးဖို့ သဘောတူလိုက်တယ်။ မာတင် ထောင်က လွတ်လာတယ်။

ကနေဒီရဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး အဖွဲ့သားတွေက နစ်ဆင်ရဲ့ ''ဘာမှမပြောလိုပါ'' ဆိုတဲ့ မှတ်ချက်စကားကို ဖော်ပြပြီး ကြင်နာတရားကင်းမဲ့တဲ့ နလုံးသားရှိသူ တစ်ယောက်လို့ ဖော်ပြရေးသားထားတဲ့ လက်ကမ်းစာစောင်တွေကို သန်းနဲ့ချီ ပုံနှိပ်ဖြန့်ဝေခဲ့တယ်။ အခုအခါ မာတင်ရဲ့ ဖခင် မာတင်လူသာကင်းစီနီယာက ကနေဒီကို မဲပေးဖို့ ဆုံးဖြတ်လိုက်တယ်။

အဲဒီနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ ဂျွန်အက်ဖ်ကနေဒီ အနိုင်ရလိုက်တယ်။ သူဟာ ပထမဆုံး ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင် သမ္မတ ဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာ ကက်သလစ်ခရစ်ယာန်တွေဟာလည်း ဘက်လိုက်ခံရမှုတွေနဲ့ ရင်ဆိုင်ရတယ်။ အဲဒီအချက်ဟာ လူမည်းတို့က ဂျွန်အက်ဖ်ကနေဒီကို မဲပေးတဲ့ အကြောင်းအရင်းတွေထဲက တစ်ချက် ဖြစ်တယ်။ သူ့အတွေ့အကြုံအရ ကက်သလစ်တွေက အမေရိကန်မှာ လူမျိုးနွယ်စုတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ကက်သလစ်တွေက ပိုပြီး နားလည်မှုရှိတာ သိခဲ့ရတယ်။



# အခန်း – ၆
## လွတ်မြောက်ရေး ဘတ်စ်ကားစီးသူများ

၁၉၆၁ ခုနှစ် ရောက်တဲ့အခါ အမေရိကန်တောင်ပိုင်းမှာ 'လူဖြူများသာ' ဆိုတဲ့ နေ့လယ်စာ စားသောက်ရတဲ့ဆိုင်တွေ အတော်များများ မရှိတော့ဘူး။ ဒါပေမဲ့ ဘတ်စ်ကားစခန်းနဲ့ ရထားဘူတာရုံတွေမှာ နားနေခန်းတွေ၊ ရေအိမ်တွေနဲ့ စားသောက်ဆိုင်တွေမှာ အဲဒီအချိန်ထိတိုင် လူမည်းနဲ့ လူဖြူအတွက် သီးခြားနေရာတွေ ရှိနေဆဲပဲ ဖြစ်တယ်။ တရားရုံးက ဒီလိုဆောင်ရွက်မှုဟာ တရားမဝင်လို့ ဆိုပေမဲ့ ကိစ္စရပ်အဖြစ် အရေးယူဆောင်ရွက်တာ မရှိဘူး။ မာတင်လူသာကင်းဂျူနီယာက သမ္မတကနေဒီဆီကို အခြေအနေကို ပြောကြားခဲ့ပေမဲ့ အခြေအနေကို ပြောင်းလဲဖို့ သမ္မတက လျင်လျင်မြန်မြန် အရေးယူတာ မရှိခဲ့ဘူး။




၁၉၆၁ မေ ၄ ရက်မှာ ကျောင်းသားတစ်စုဟာ ဝါရှင်တန်ဒီစီမှာ ဘတ်စ်ကားနှစ်စီးကို တက်စီးကြတယ်။ သူတို့က တောင်ပိုင်းကို ခရီးသွားဖို့ ဖြစ်တယ်။ ကားမှတ်တိုင်အချို့မှာ လူမည်းကျောင်းသားတွေက ကားစောင့်တဲ့ နေရာတွေမှာ 'လူဖြူများသာ' ဆိုတဲ့ နေရာတွေမှာ ဝင်ထိုင်ကြတယ်။ သူတို့ ငြိမ်းငြိမ်းချမ်းချမ်း ကန့်ကွက်တာတွေ နောက်တစ်ကြိမ် ဆောင်ရွက်ကြတာ ဖြစ်တယ်။

အလာဘားမားပြည်နယ် အန်နီစတန်မြို့မှာ လူမည်းကျောင်းသားတွေ စီးလာတဲ့ ဘတ်စ်ကားတစ်စီးရဲ့ ကားတာယာတွေကို သေနတ်နဲ့ ပစ်ပြီး ဖောက်ခံရတယ်။ ဘတ်စ်ကား နောက်တစ်စီးမှာ ပြတင်းပေါက်ကို ဗုံးနဲ့ ပစ်ခံခဲ့ရတယ်။ ကြောက်ရွံ့ထိတ်လန့်နေကြတဲ့ လူမည်းကျောင်းသားတွေ ဘတ်စ်ကားပေါ်က ဆင်းပြေးကြတော့ သူတို့ တိုက်ခိုက်ခံခဲ့ကြရတယ်။ သူတို့ခရီးစဉ် အဆုံးသတ်ခဲ့ရတယ်။




ဒါပေမဲ့ လူမည်းကျောင်းသားတွေက သူတို့ရည်မှန်းချက်ကို မစွန့်လွှတ်ခဲ့ကြဘူး။ နောက်ထပ် လူမည်းကျောင်းသားအုပ်စုတွေ မြောက်ပိုင်းက တောင်ပိုင်းကို ဘက်စ်ကား လိုက်စီးကြတယ်။ လူမည်းကျောင်းသားတွေ နောက်ထပ် တိုက်ခိုက်ခံရပြန်တယ်။ လူမည်းကျောင်းသား အတော်များများ ထောင်ချခံရတယ်။ ရဲဝံ့တဲ့လူငယ်တွေကို 'လွတ်လပ်မြောက်ရေး ဘတ်စ်ကား စီးသူများ' လို့ ကျော်ကြားခဲ့တယ်။

တစ်ညမှာ လွတ်လပ်မြောက်ရေး ဘတ်စ်ကားစီးသူ အုပ်စုတစ်စုဟာ အလာဘားမားပြည်နယ် မောင်ဂိုမာရီမြို့ ဘုရားရှိခိုးကျောင်းမှာ အစည်း



အဝေးတစ်ရပ် ကျင်းပကြတယ်။ မာတင်ဟာ ထိုအစည်းအဝေးမှာ ပြောကြားဖို့ ရောက်လာတယ်။ အပြင်ဘက်ရှိ လူအုပ်ကြီးက ဘုရားကျောင်းထဲကို ခဲတွေ၊ ပုလင်းတွေ ပစ်သွင်းခဲ့ကြတယ်။ ဒါပေမဲ့ မာတင်က လူတိုင်းကို ဘုရားရှိခိုးကျောင်းမှာပဲ ကြံ့ကြံ့ခိုင် ရပ်တည်နေကြဖို့ တိုက်တွန်းခဲ့တယ်။ 'ကျွန်တော်တို့ အောင်မြင်ရမယ်' ဆိုတဲ့ သီချင်းကို အတူတကွ သီကျူးကြတယ်။ နောက်ဆုံး ဒေါသကြီးနေတဲ့ လူအုပ်ကြီး လူစုကွဲသွားတော့တယ်။



ဒီဒေသမှာ အသားရောင်ခွဲခြားရေးစနစ် ဆုံးခန်းတိုင်ပြီးလား ... ။ အဆုံးမသတ်သေးပါ။ ဥပမာ ပြောရရင် ဂျော်ဂျီယာပြည်နယ် အယ်လ်ဘေနီမြို့ ဘတ်စ်ကားစခန်းမှာ 'လူဖြူများသာ' ဆိုတဲ့ နားနေခန်းမျိုးကို ဖျက်သိမ်းဖို့ လက်မခံကြဘူး။ ဒါ့ကြောင့် ဒေါက်တာ ဒဗလျူဂျီအင်ဒါဆင် အမည်ရှိ

ပုဂ္ဂိုလ်တစ်ဦးက အယ်လ်ဘေနီ လှုပ်ရှားမှုလို့ခေါ်တဲ့ အုပ်စုတစ်စုကို စတင်ဖွဲ့စည်းခဲ့တယ်။ အဲဒီအုပ်စုက ထိုင်သပိတ်နဲ့ အခြားသပိတ်တိုက်ပွဲတွေကို ဆင်နွှဲခဲ့တယ်။ မာတင် ဦးဆောင်တဲ့ လူထုချီတက် ဆန္ဒပြပွဲနဲ့ အယ်လ်ဘေနီမြို့ တစ်ဝန်းမှာ လနဲ့ချီ လှည့်လည် ဆန္ဒပြခဲ့တယ်။

မာတင် နောက်တစ်ကြိမ် ထောင်ချခံရပြန်တယ်။ မာတင်က သူ့စီရင်ချက်အတိုင်း လေးဆယ့်ငါးရက် ထောင်ကျခံလိုတယ်။ ဖမ်းဆီးခံရပြီး နှစ်ရက်အကြာမှာ မာတင်ကို လွှတ်လိုက်တယ်။ သူ့ကို ဘတ်စ်ကားတွေ လက်မခံမောင်းထုတ်လိုက်တယ်။ စတိုးဆိုင်တွေက အဝင်မခံ။ အခု ထောင်ကပါ လက်မခံဘဲ ကန်ထုတ်ပြန်တယ်။ ချီတက်ဆန္ဒပြပွဲအားလုံး ပြီးခဲ့ပေမဲ့ ထောင်မှာ အချိန်ပိုနေခဲ့ရတဲ့ မာတင်နဲ့ အယ်လ်ဘာနီ လှုပ်ရှားမှုက ကျန်ခေါင်းဆောင်တွေဟာ အရှုံးနဲ့ ရင်ဆိုင်ရတယ်။ အယ်လ်ဘာနီမှာ အသားရောင်ခွဲခြားမှု ဥပဒေနဂိုအတိုင်း ဆက်ရှိနေတယ်။ အနည်းဆုံး လောလောဆယ် အချိန်တစ်ချိန်မှာ ရှိနေတယ်။ တချို့က သူတို့ ကန့်ကွက်ဆန္ဒပြတဲ့တိုက်ပွဲကို စွန့်လွှတ်ချင်ကြပေမဲ့ မာတင်က အခု မအောင်မြင်တာဟာ တိုက်ပွဲတွေရဲ့အစလို့ မြင်တယ်။ သူ ဆက်လက် တိုက်ပွဲဝင်မယ်။

# အခန်း – ၇
# ဘာမင်ဂန်တွင် လွတ်လပ်ခွင့်ရပြီ

မာတင်လူသာကင်းဂျူနီယာက လူထုအခွင့်အရေးလှုပ်ရှားမှု အရှုံးတွေ ကြုံရမှာ၊ ဒုက္ခမျိုးစုံ ခံစားရမှာကို နားလည်သဘောပေါက်တယ်။ ဒါပေမဲ့ ခုအခါ ငြိမ်းငြိမ်းချမ်းချမ်း ကန့်ကွက်ဆန္ဒပြတာရဲ့ စွမ်းပကားကို သက်သေထူဖို့ မကြုံစဖူး သန္နိဋ္ဌာန် ချမှတ်ထားတယ်။ သူဟာ ဂျင်ကရိုးဥပဒေတွေ တင်းတင်းကျပ်ကျပ် ကျင့်သုံးတဲ့မြို့ကို ရှာဖွေတယ်။ အဲဒီမြို့ဟာ အလားဘားမားပြည်နယ် ဘာမင်ဂန်မြို့ဖြစ်တယ်။ ဂျော်ဂျီယာပြည်နယ် အယ်လ် ဘာနီမြို့က ဆိုးတယ်ဆိုရင် ဘာမင်ဂန်က ပိုပြီးတော့ ဆိုးသေးတယ်။ ဘာမင်ဂန်မှာ ကျောင်းတွေဟာ အခုချိန်ထိ သောက်ရေစင်တွေမှာ 'လူမည်း' နဲ့ 'လူဖြူ' လို့ ခွဲပြီး စာတမ်းကပ်ကာ [illegible]မှတ်ထားတယ်။


Bull Connor

ဘာမင်ဂန်မြို့ ရဲမင်းကြီးမှာ ဘူးလ်ကွန်နာ ဖြစ်တယ်။ သူဟာ လူမည်း

မာတင်နဲ့ အက်စ်စီအယ်လ်စီ ခေါင်းဆောင်တွေက လူဖြူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို သပိတ်မှောက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုဆောင်ရွက်တာဟာ စတိုးဆိုင်ပိုင်ရှင်တွေကို အကြီးအကျယ် ဒေါသထွက်စေမယ်လို့ မာတင်သိတယ်။ ဘာမင်ဂန်မြို့မှာ နေထိုင်သူလူဦးရေရဲ့ ထက်ဝက်နီးပါးဟာ လူမည်းတွေ ဖြစ်တယ်။ စားသုံးသူ လူမည်းတွေမရှိရင် စတိုးဆိုင်တွေ အရောင်းကျပြီး ငွေရှာရခဲယဉ်းမှာ ဖြစ်တယ်။

ဧပြီလ ၆ ရက်နေ့မှာ ဘာမင်ဂန်မြို့တော်ခန်းမကို လူထုချီတက်ပွဲတစ်ရပ် ကျင်းပဖို့ မာတင်က စည်းရုံးခဲ့တယ်။ သူ စီစဉ်တဲ့ ချီတက်ပွဲကို လူအများအပြား ပါဝင်ချီတက်ခဲ့ကြတယ်။ ရဲမင်းကြီး ဘူးလ်ကွန်နာ အကြီးအကျယ် ဒေါသထွက်လျက်ရှိတယ်။ ရဲတပ်သားတွေနဲ့ သူကိုယ်တိုင် တုတ်ကြီးတွေ ယူလာကာ ကန့်ကွက်သူ အချို့ကို ရိုက်နက်ခဲ့တယ်။ ရဲခွေးတွေကို လွှတ်ပြီး လူစုခွဲတယ်။ ဒါပေမဲ့ ကန့်ကွက်ဆန္ဒပြသူတွေက ထွက်မပြေးကြဘူး။ ပိုပြီးတော့ အင်အားတောင့်လာတယ်။



ဆယ်ရက်ကြာ ဆန္ဒပြခဲ့ကြပြီးနောက် လူပေါင်းငါးရာကို ဖမ်းဆီး ထောင်ချလိုက်တယ်။ အချို့ကို အာမခံနဲ့ ပြန်လွှတ်လိုက်ပေမဲ့ လူပေါင်း သုံးရာခန့်ကို ဆက်လက် ချုပ်နှောင်ထားတယ်။

အခုချိန်ထိအောင် မာတင်ဟာ လူထုချီတက်ပွဲမှာ မပါဝင်ခဲ့ဘူး။ သူ ပါဝင်လိုက်ရင် ဖမ်းဆီးခံရမှာ သေချာတယ်။ တကယ်လို့ သူ ထောင်ကျသွား ရင် သူဆက်လက်ပြီး ကွပ်ကဲခေါင်းဆောင်နိုင်မှာ မဟုတ်ဘူး။

ဧပြီလ ၁၂ ရက်နေ့မှာ မာတင်နဲ့ ဆန္ဒပြပွဲရဲ့ အခြားခေါင်းဆောင်တွေ မာတင် တည်းခိုရာ ဟိုတယ်ခန်းမှာ တွေ့ဆုံကြတယ်။ မာတင်ရဲ့ဖခင်နဲ့ ညီ လည်း အဲဒီ အစည်းအဝေးမှာ ရှိတယ်။ မာတင်လူသာကင်းစီနီယာက သူ့သား ကို အိမ်ပြန်လာစေလိုတယ်။ တနင်္ဂနွေနေ့မှာ အီစတာပွဲတော် အခါကာလ ကျရောက်တယ်။ ဘုရားရှိခိုးကျောင်းကို မာတင် ပြန်လာပြီး တရားဟောစေလို တယ်။ ခေါင်းဆောင်အချို့က မာတင်ကို ဘာမင်ဂန်မှာ ဆက်နေကာ ဆန္ဒပြပွဲ ကို ဦးဆောင်စေလိုကြတယ်။ အခြားခေါင်းဆောင်တွေက သူ့ကို ချီတက်ပွဲ မှာ မလိုက်ပါစေလိုကြဘူး။ ဘာကြောင့်လဲဆိုတော့ မာတင် အဖမ်းခံရမှာကို သူ့တို့ စိုးရိမ်ကြတယ်။ အချို့သူများကတော့ ဆန္ဒပြသူတွေ အာမခံနဲ့ ထုတ်နိုင်ဖို့ မာတင်ကို ငွေကြေး အလှူ ခံသင့်တယ်လို့ ယူဆကြတယ်။



အခြေအတင် ပြောဆိုမှုတွေ စတင်တယ်။ မာတင်ဟာ ရှေ့ရေးကို စဉ်းစားဖို့ အခန်းထဲကထွက်ပြီး ဘုရားဝတ်ပြုဆုတောင်းတယ်။ သူပြန်လာတဲ့အခါ ဂျင်းဝတ်စုံကို ဝတ်ဆင်လာတယ်။ (သူထောင်ကျတဲ့ အခါတိုင်း ဂျင်းဝတ်စုံကို ဝတ်ဆင်ခဲ့တယ်) မာတင် သန္နိဋ္ဌာန်ချလိုက်ပြီ။ နောက်တစ်ကြိမ် ဆောင်ရွက်မယ့် လူထုချီတက်ဆန္ဒပြပွဲမှာ သူကိုယ်တိုင် ဆန္ဒပြသမားတွေနဲ့ အတူ လက်တွဲပြီး ဆန္ဒပြတိုက်ပွဲဝင်မယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ မာတင် ဖမ်းဆီးခံခဲ့ရတယ်။ ထုံးစံအတိုင်း ကော်ရက်ဆီ ဖုန်းဆက်နိုင်မယ်လို့ ထင်တယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ သူ့ကို ဖုန်းဆက်ခွင့် မပြုခဲ့ဘူး။ နှစ်ရက်အကြာ သူတို့ရဲ့ စတုတ္ထမြောက်ကလေး ကို ဖွားမြင်ပြီး မကြာသေးတဲ့ ကော်ရက်တာဟာ ဗျာများနေတော့တယ်။

မာတင်ကို ထောင်တွင်းမှာ တိုက်ပိတ်ထားခဲ့တယ်။ ထောင်ဝင်စာတွေ့ခွင့် မပေးဘူး။ သူ့ရှေ့နေတွေနဲ့တောင် တွေ့ခွင့်မပြုဘူး။ သူ့ကို အကျဉ်းချထားတဲ့ တိုက်က အခန်းကျဉ်းပြီး အလွန်မှောင်တယ်။ မျက်နှာကြက်ခန်းရှိ ပြတင်းပေါက် သေးသေးကလေးက ဝင်လာတဲ့ အလင်းရောင်ပဲ ရှိတယ်။ မာတင် ထိတ်လန့် ချောက်ချားသွားတယ်။ သူ့ဇနီးနဲ့ မိသားစုအတွက် စိုးရိမ်ပူပန်မိတယ်။ သပိတ်တိုက်ပွဲဝင်တဲ့ အခြားရဲဘော်တွေနဲ့ စပ်လျဉ်းပြီးတော့လည်း သောကမကင်း ဖြစ်ခဲ့ရတယ်။

လူဖြူဘုန်းကြီးတွေကတောင် မာတင်ကို ဆန့်ကျင်ခဲ့ကြတယ်။ ဘာမင်ဂန်နယူးစ် (Birmingham News) သတင်းစာ အယ်ဒီတာဆီ ပေးစာအခန်းကို လူဖြူတရားဟောဆရာ ရှစ်ဦးက တစ်စောင်ပေးပို့တဲ့အထဲမှာ ဆန္ဒပြသူတွေ မှားတယ်လို့ ဆိုတယ်။ သူတို့က အက်စ်စီအယ်လ်စီဟာ တရားဥပဒေကို မချိုးဖောက်သင့်လို့ ယူဆတယ်။ သူတို့က မာတင်နဲ့ သူ့အုပ်စုဟာ အမုန်းတရားနဲ့ အကြမ်းဖက်မှုတွေ တိုးပွားအောင် လှုံ့ဆော်ကြတယ်လို့ ဆိုတယ်။

မာတင်က သူတို့ဆီ စာတမ်းရှည်ကြီးတစ်စောင် ရေးသားပြီး တုံ့ပြန်လိုက်တယ်။ ထောင်ထဲမှာ ရေးစရာစာရွက်ဆိုလို့ တစ်ရွက်တစ်လေတောင် မရှိ။ ဒါကြောင့် သူဟာ ဖတ် ခွင့်ရ တဲ့ နေ့စဉ်သတင်းစာ တွေရဲ့ အစွန်းမှာ အဲဒီစာကို ရေးရတယ်။ နောက်ဆုံး ရေ အိမ်သုံးစက္ကူနဲ့တောင် ရေး ရတယ်။ အဲဒီ စာရှည်ကြီးမှာ မာတင်က ပြည်သူလူထုဟာ တရားတဲ့ ဥပဒေတွေကိုသာ လေးစားလိုက်နာပြီး မတ ရားတဲ့ ဥပဒေတွေမှန်သမျှကို ဆန့်ကျင်သင့်တယ်လို့ ဆို တယ်။ သူတို့ဟာ အမြဲ ငြိမ်း ငြိမ်းချမ်းချမ်း ပြုမူဆောင်ရွက်မယ်လို့ သူက



ဆို တယ်။ မတရားတဲ့ ဥပဒေတွေကို မလိုက်နာတာကြောင့် ချခံရတဲ့ ပြစ်ဒဏ်တွေကို လူထုက လက်ခံဖို့ အဆင်သင့် ဖြစ်မယ်လို့ ဆိုတယ်။

မာတင်ဟာ သူ့ရဲ့ ထောင်ကျတဲ့ကာလကို အားတက်သရော ကျခံခဲ့တယ်။ ရှစ်ရက် မြောက်နေ့မှာ သူ ထောင်က လွတ်တယ်။

မာတင် နေ့အလင်းရောင်ကို ပြန်မြင်နိုင်ခဲ့ပြီ ဖြစ်တယ်။

ခုအခါ မာတင်ရဲ့ အကြံပေးအရာရှိတစ်ဦးက အကြံအစည်သစ်တစ်ခု ရတယ်။ သူက ကလေးသူငယ်တွေရဲ့ ချီတက်ပွဲတစ်ခု ကျင်းပရေးစည်းရုံးဖို့ ဖြစ်တယ်။ ပထမတော့ မာတင်က အဲ့ဒီအကြံအစည်ကို သဘောမတူဘူး။ အဲဒီအစီအစဉ်ဟာ အန္တရာယ် မများလွန်းဘူးလားလို့ တွက်တယ်။ ဒါပေမဲ့ မာတင်ရဲ့ အကြံပေးအရာရှိတွေက ရဲတွေဟာ ကလေးတွေကို ထောင်ထဲ အတင်းပို့မယ်လို့ မယူဆကြဘူး။

အသက်ခြောက်နှစ်က ဆယ့်ကျော်သက်အရွယ်ထိပါဝင်တဲ့ ထောင်ချီ ရှိတဲ့ ဘာမင်ဂန်ကလေးတွေကို ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြဖို့ လေ့ကျင့်ပေးခဲ့ တယ်။ သူတို့ လက်ချင်းတွဲ ချီတက်ခဲ့ကြတယ်။ အဲဒီနောက် ကလေးတချို့ကို ထောင်ချခဲ့တယ်။





မေ ၂ ရက်မှာ လူထုဆန္ဒပြပွဲကြီးတစ်ရပ် ကျင်းပဖို့ စီစဉ်ခဲ့တယ်။ ထောင်ချီတဲ့ လူငယ်တွေ ပါဝင်လိုကြတယ်။ လူမည်းကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ကြီးက ကျောင်းသားတွေ အပြင် မထွက်ကြစေဖို့ ကျောင်းဝင်းထဲ ဝင်တဲ့ ခြံစည်းရိုး တံခါးတွေကို သော့ခတ် ပိတ်ထားလိုက်တယ်။ ဒါပေမဲ့ ကျောင်းသားကလေး တွေက ခြံစည်းရိုးကို ကျော်တက် ထွက်ခဲ့ကြတယ်။ ဒီချီတက်ပွဲကြီးဟာ မေ့ပျောက်မရလောက်တဲ့ အရေးပါလှတဲ့ လူထု ချီတက်ပွဲ ဖြစ်တယ်။ သူတို့ဟာ လွတ်မြောက်မှု အတွက် ချီတက်ကြတာ ဖြစ်တယ်။



ဘူးကွန်နာနဲ့ သူ့ရဲအဖွဲ့ဝင်တွေလည်း ချီတက်ပွဲကို ရောက်လာတယ်။ သူတို့က ဆန္ဒပြသူတွေကို ရိုက်နက်ဖို့ နံပါတ်တုတ်တွေ ယူလာခဲ့ကြတယ်။ ရဲခွေးတွေက ချီတက်ဆန္ဒပြသူတွေရဲ့ အဝတ်အစားတွေ စုတ်ပြဲအောင် လိုက်ဆွဲတယ်။ မီးသတ်ပိုက်ကြီးတွေသုံးပြီး အင်အားကောင်းတဲ့ ရေပန်းနဲ့ထိုးကာ ဆန္ဒပြသူတွေကို လူစုခွဲခဲ့ကြတယ်။ မာတင်ရဲ့ ညီအိမ်ကို မီးလောင်ပုံးနဲ့ ပစ်တယ်။ မြို့ကြီးတစ်ခုလုံးမှာ ပုံးတွေကို ထောင်ထားကြတယ်။



ဒါပေမဲ့ ဆန္ဒပြပွဲကို သတင်းထောက်တွေလည်း ရောက်လာတယ်။ ဓာတ်ပုံသတင်းထောက်တွေ ရှိတယ်။ သူတို့က ဆန္ဒပြပွဲသတင်းကို အတိအကျ ရေးတယ်။ ဘယ်လိုဘယ်ပုံ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ဓာတ်ပုံ သက်သေနဲ့ မှတ်တမ်းတင်ခဲ့တယ်။

ဘာမင်ဂန်ရှိ လူဖြူစီးပွားရေး ခေါင်းဆောင် အတော်များများ စိတ်ဓာတ်ကျကုန်တယ်။ ဒါပေမဲ့ လူအတော်များများ စိတ်ဓာတ်ကျတာက အကြမ်းဖက်မှု ဖြစ်တယ်။ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းအားလုံး အရှုံးကြီးရှုံးခဲ့တယ်။ သူတို့ အစည်းအဝေးတစ်ရပ် ကျင်းပပြီး ချီတက်ဆန္ဒပြသူတွေရဲ့ တောင်းဆိုချက်အချို့ကို လိုက်လျောဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အခုဖော်ပြတာတွေက ကတိကဝတ်အချို့ ဖြစ်တယ်။

၁။ နေ့လယ်စာ အရောင်းကောင်တာများ၊ နားနေခန်းများ၊ အဝတ်လဲခန်းများနှင့် သောက်ရေတိုင်များတွင် အသားအရောင်ခွဲခြားခြင်းကို ပယ်ဖျက်ပေးမည်။

၂။ လူမည်းများ အလုပ်အကိုင်ကောင်းများ ရရှိနိုင်မည်။

၃။ ဆန္ဒပြသူများကို ထောင်မှ လွှတ်ပေးမည်။

၄။ လူမျိုးနွယ်စုများ၏ တင်းမာမှုအား လျော့ပါစေရေး ကူညီရန် လူမည်းနှင့် လူဖြူများပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းမည်။

နောက်ဆုံး ဘာမင်ဂန်မှာ ဂျင်ကရိုး ဥပဒေတွေ ပျက်ပြယ်သွားခဲ့ပြီး မာတင်တို့ မဟာအောင်ပွဲကြီးတစ်ရပ်နဲ့ အောင်ပွဲဆင်ခဲ့ကြတယ်။

တောင်းဆိုထားပါတယ်။ ကျွန်တော်ကတော့ ဒီအခွင့်အရေးဟာ နိုင်ငံသားတွေရဲ့ အခြေခံ အခွင့်အရေးတစ်ရပ်လို့ မြင်ပါတယ်''လို့ ပြောကြားခဲ့တယ်။

၁၉၆၃ ဩဂုတ် ၂၈ ရက်မှာ မာတင်နဲ့ လူမည်းခေါင်းဆောင်တွေဟာ ဝါရှင်တန်ဒီစီ လူထုချီတက်ပွဲကို ခေါင်းဆောင်ခဲ့ကြတယ်။ ပြည်သူလူထုအခွင့်အရေး ဥပဒေကြမ်းကို ပြည်သူလူထု ဘယ်လောက်များများက ထောက်ခံခဲ့တယ်ဆိုတာ သူတို့က ကွန်ဂရက်လွှတ်တော်ကို ပြလိုကြတယ်။ အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးက အမေရိကန်နိုင်ငံသား ၂၅၀၀၀ ကျော် ရောက်ရှိလာကြတယ်။ အတော်များများက ကားနဲ့ ဘတ်စ်ကားတွေ စီးလာကြတယ်။ တချို့က လေယာဉ်နဲ့ လာကြတယ်။ တချို့က လမ်းလျှောက်လာကြတယ်။ စက်ဘီးစီးပြီး ရောက်လာကြသူလည်း ရှိတယ်။

ချီတက်ဆန္ဒပြသူ အများစုဟာ လူမည်းတွေ ဖြစ်တယ်။ ဒါပေမဲ့ လူဖြူတွေလည်း ထောင်ချီ ပါလာကြတယ်။ သူတို့ကလည်း လူဖြူ လူမည်း ခွဲခြားထားတဲ့ဥပဒေတွေဟာ တရားမျှတမှု မရှိဘူးလို့ ခံစားမိလာကြတယ်။ လူထုကြီးဟာ လမ်းတစ်လျှောက် တေးသီချင်းသီကျူးကာ လင်ကွန်းအထိမ်းအမှတ် ရုပ်ထုကြီးရှိရာကို ချီတက်ခဲ့ကြတယ်။

အဲဒီကနေ ခေါင်းဆောင် အတော်များများက မိန့်ခွန်း ချွေခဲ့ကြတယ်။ ဒါပေမဲ့ မာတင်ပြောတဲ့ မိန့်ခွန်းဟာ မမေ့ပျောက်နိုင်တဲ့ မိန့်ခွန်း ဖြစ်တယ်။ မာတင်က မိန့်ခွန်းတစ်ခုကို ရေးလာခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီမိန့်ခွန်းကို သူမဖတ်ခဲ့ပါဘူး။ လူထုပရိသတ်ကြီးကို သူ မျက်နှာချင်းဆိုင်လိုက်တယ်။ လွန်ခဲ့တဲ့ လအတန်ကြာက သူပြောခဲ့တဲ့ မိန့်ခွန်းကို အမှတ်ရလိုက်မိတယ်။

အဲဒီ မိနစ်ခွန်းတွင် ''ကျွန်တော် အိပ်မက်ကောင်းတစ်ခု မက်ခဲ့တယ်'' ဆိုတဲ့ စာသားကလေးတစ်ကြောင်းကို သူ အသုံးပြုခဲ့တယ်။ အနာဂတ်အတွက် သူ့မျှော်လင့်ချက်တွေကို ဖော်ပြခဲ့တာ ဖြစ်တယ်။ မာတင်က အဲဒီ စာသားကလေးကိုပဲ ထပ်ပြီး အသုံးပြုချင်တယ်။ ဒါကြောင့် သူရေးလာတဲ့မိန့်ခွန်းကို ခေါက်ထည့်လိုက်ပြီး လက်တန်းပဲ ပြောလိုက်တယ်။ သူ့အိပ်မက်မှာ ''တစ်နေ့ ဂျော်ဂျီယာပြည်နယ်က တောင်ကုန်းနီနီကလေးတွေပေါ်မှာ အရင်တုန်းက ကျွန်ဖြစ်ခဲ့ရသူတွေရဲ့သားတွေနဲ့ အဲဒီတုန်းက ကျွန်ပိုင်ရှင်ဖြစ်ခဲ့ရသူတွေရဲ့ သားတွေ စားပွဲဝိုင်းတစ်ခုတည်းမှာ ညီရင်းအစ်ကိုတွေလို ဝိုင်းထိုင်ပြီး ပြောဆိုဆွေးနွေးကြလိမ့်မယ်''ဆိုတဲ့ အိပ်မက်ပဲ ဖြစ်တယ်။ တစ်နေ့မှာ သူ့ကလေးငယ်လေးယောက်ကို သူတို့ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို သူတို့ အသားအရောင်နဲ့ မဆုံးဖြတ်တော့ဆိုတဲ့ အိပ်မက်တစ်ခုကိုပါ သူ မြင်မက်ခဲ့တယ်။



မာတင်ရဲ့ မိန့်ခွန်းဟာ မျှော်လင့်ချက်အတွက် စွမ်းပကားကြီးတဲ့ မှတ်ချက်တစ်ခုနဲ့ အဆုံးသတ်ခဲ့တယ်။ အဲဒီနေ့ အဲဒီရက် ရောက်လာတဲ့အခါ လူတိုင်း လက်ချင်းတွဲပြီး ကျွန်ခေတ် သီချင်းဟောင်းတစ်ပုဒ်က စာသားတွေဖြစ်တဲ့ ''နောက်ဆုံးတော့ တို့လွတ်လပ်ပြီ၊ တို့တွေ လွတ်လပ်ပြီ အနန္တဘုန်းတန်ခိုးဖြင့် ပြည့်စုံသော ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် နောက်ဆုံးတို့တစ်တွေ လွတ်လပ်ခဲ့ပြီ'' ကို သံပြိုင်သီဆိုနိုင်ကြမှာ ဖြစ်တယ်။

လူထုချီတက်ပွဲတွေနဲ့ မာတင်လူသာကင်းဂျူနီယာရဲ့ မိန့်ခွန်းကို ရုပ်မြင်သံကြား အသံလွှင့်ဌာနတွေက ထုတ်လွှင့်ပေးခဲ့တယ်။ သန်းချီရှိတဲ့ အမေရိကန် နိုင်ငံသားတွေ မာတင်ရဲ့ မိန့်ခွန်းကို ပထမဆုံးအကြိမ် ကြားခဲ့ရတာ ဖြစ်တယ်။ သူ့စကားလုံးတွေက လူထုကြီးကို နိုးကြား တက်ကြွစေခဲ့တယ်။ သူ့စကားလုံးတွေက တစ်နိုင်ငံလုံးကို နိုးကြားစေခဲ့တယ်။ သူ့စကားလုံးတွေက ကမ္ဘာတစ်ဝန်းလုံးကို နိုးကြားစေခဲ့တယ်။ ဒီမိန့်ခွန်းကြောင့်ပဲ မာတင်လူသာကင်းဂျူနီယာ ပြည်သူလူထုအခွင့်အရေးလှုပ်ရှားမှုရဲ့ အသံ ဖြစ်လာခဲ့တယ်။



ဒုတိယသမ္မတ လင်ဒန်ဘီဂျွန်ဆင် သမ္မတ ဖြစ်လာတယ်။ သမ္မတကနေဒီ ကွယ်လွန်ပြီးနောက် ငါးရက်အကြာမှာ သမ္မတဂျွန်ဆင်က ကွန်ဂရက်လွှတ်တော်မှာ မိန့်ခွန်းပြောတယ်။ သမ္မတကနေဒီ လိုလားတဲ့ ပြည်သူလူထု အခွင့်အရေးဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးဖို့ ကွန်ဂရက်လွှတ်တော်ကို သူက မေတ္တာရပ်ခံခဲ့တယ်။ ဒီနည်းကပဲ သမ္မတကနေဒီရဲ့ အမှတ်ရစရာ ဆောင်ရွက်ချက်တွေကို ဂုဏ်ပြုဖို့ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ပြောကြားခဲ့တယ်။



ကွန်ဂရက်လွှတ်တော်က သဘောတူလိုက်တယ်။ ၁၉၆၄ ဇူလိုင် ၂ ရက် ငွေဝယ်ကျွန်စနစ် အဆုံးသတ်ခဲ့ပြီးနောက် နှစ်ပေါင်းတစ်ရာနီးပါး အကြာမှာ အမေရိကန် ပြည်ထောင်စုမှာ ပြည်သူလူထု အခွင့်အရေး ဥပဒေကို သမ္မတဂျွန်ဆင်က လက်မှတ်ရေးထိုးခဲ့တယ်။ သူ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးချိန်မှာ နောက်က ရပ်နေသူဟာ မာတင်လူသာကင်း ဂျူနီယာ ဖြစ်တယ်။

## ၁၉၆၄
## ပြည်သူလူထုအခွင့်အရေးအက်ဥပဒေ၏ အဓိကလက္ခဏာရပ်အချို့

■ မည်သူမဆို မဲဆန္ဒပေးရန် မှတ်ပုံတင်နိုင်သည်။ စာတတ်မြောက်မှု စစ်ဆေးခြင်း (မဲဆန္ဒရှင်များ လူမည်းရော လူဖြူပါ စာဖတ်၊ ရေးနိုင် ဖတ်နိုင်သလားကို စစ်ဆေးခြင်း) ကို ဆောင် ရွက်ပေးမည်။

■ ဟိုတယ်များ၊ မိုတယ်များ၊ စားသောက်ဆိုင်များနှင့် အများပြည်သူဆိုင်ရာ အခြားနေရာများ၌ ခွဲခြားဆက်ဆံခြင်းသည် တရားမဝင်ကြောင်း။

■ အသားအရောင် ခွဲခြားထားသော ကျောင်းများကို ရှေ့နေချုပ်က ရုံးတင် တရားစွဲနိုင်သည်။

■ ခွဲခြားဆက်ဆံမှုကို ကျင့်သုံးသည့်ပြည်နယ်အစီအစဉ်မှန်သမျှထံမှ ငွေကြေးများကို သိမ်းဆည်းနိုင်သည်။

■ အလုပ်သမားဆယ့်ငါးဦးထက်ပိုသော ကုမ္ပဏီမှန်သမျှသည် အလုပ်သမားများ အချင်းချင်း ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရ။

# အခန်း – ၉
# ငြိမ်းချမ်းရေးဆု

မာတင်ဟာ ကမ္ဘာတစ်ဝန်းလုံးက ပြည်သူလူထု အားလုံးကို လက်သီး မပြေပါ။ စကားလုံးရဲ့ စွမ်းပကားကိုသာ ပြတယ်။ ၁၉၆၄ ခုနှစ်မှာ မာတင်ကို နိဘာယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့တယ်။ ဒီငြိမ်းချမ်းရေးဆုကို ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ ဆောင်ရွက်မှုတစ်ခုခု လုပ်ခဲ့သူ ပုဂ္ဂိုလ်တစ်ဦးဦး ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုကို နှစ်စဉ်နှစ်တိုင်းလိုပင် ချီးမြှင့်တယ်။ မာတင်က နိဘာယ်ဆုချီးမြှင့်ခံရတဲ့အတွက် အလွန်ပဲ ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒီဆုဟာ သူတစ်ယောက်တည်းအတွက် မဟုတ်ဆိုတာကို ကောင်းကောင်း သိတယ်။ အဲဒီဆုဟာ တန်းတူညီမျှတဲ့ အခွင့်အရေးရရှိဖို့ အကြမ်းမဖက်တဲ့နည်းနဲ့ ပါဝင်ဆောင်ရွက်ခဲ့တဲ့ ထောင်သောင်းချီ ပြည်သူလူထုအားလုံးက ပိုင်ဆိုင်တယ်။ ဒါကြောင့်ပဲ မာတင်က ဆုငွေအားလုံး အမေရိကန် ဒေါ်လာ ၅၄,၀၀၀ ကို ပြည်သူလူထု အခွင့်အရေးအုပ်စုတွေ အားလုံးဆီ ခွဲဝေပေးခဲ့တယ်။



# နိုဘယ်ငြိမ်းချမ်းရေးဆု




အယ်လ်ဖရက်ဘီနိုဘယ်သည် ဒိုင်းနမိုက်ကို တီထွင်ခဲ့သည့် ဆွီဒင်လူမျိုး ဓာတုဗေဒပညာရှင်နှင့် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ ၁၈၉၆ ခုနှစ် နိုဘယ် ကွယ်လွန်ခဲ့သောအခါ သူ၏ သေတမ်းစာတွင် နိုဘယ်ဆုကို တည်ထောင်ရန် ဒေါ်လာ ၉ သန်း ထားခဲ့သည်။ နှစ်စဉ် နှစ်တိုင်း အမျိုးအစား ခြောက်မျိုးခွဲပြီး ဆုများ ချီးမြှင့်သည်။ ငြိမ်းချမ်းရေး၊ စာပေ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝကမ္မဗေဒ (ဝါ) ဆေးပညာနှင့် စီးပွားရေး စသည့်အမျိုးအစားများ ဖြစ်သည်။ ကျောင်းဆရာမှ တရားသူကြီးအလယ် နိုင်ငံရေး သမားအဆုံး လူတန်းစားမျိုးစုံ နိုဘယ်ဆုကို အဆိုပြုနိုင်သည်။ အချို့နှစ်များတွင် အဆိုပြုခံရသူ ဦးရေ နှစ်ရာအထိ များပြားခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးကို လူပုဂ္ဂိုလ် အတော်များများနှင့် အဖွဲ့အစည်းတွေကို ချီးမြှင့်ခဲ့သည်။ နိုဘယ်ဆု ချီးမြှင့်ခံ ရသူများမှာ




- သမ္မတဘာရက်အိုဘားမား ၂၀၀၉
- သမ္မတဂျင်မီကာတာ ၂၀၀၂
- နယ်လ်ဆင်မင်ဒဲလား ၁၉၉၃
- အီလီဝီဆယ် ၁၉၈၆
- မာသာထရီဆာ ၁၉၇၉

တို့ ပါဝင်ပါတယ်။

မာတင်လူသာကင်းဂျူနီယာဟာ နိုဘယ်ငြိမ်းချမ်းရေးဆုကို ဆွတ်ခူးနိုင်ခဲ့ပေမဲ့ သူ့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို မရောက်ခဲ့ကြောင်း သူကိုယ်တိုင်သိတယ်။ သူ့ရည်မှန်းချက်ပန်းတိုင်က လူတိုင်း တန်းတူညီမျှ အခွင့်အရေး ရရှိဖို့ ဖြစ်တယ်။ သူဟာ အယ်လ်ဘာနီမှာ ရှုံးနိမ့်တာနဲ့ ဘာမင်ဂန်မှ အောင်မြင်တာကို ဆင်ခြင်မိတယ်။ အသားအရောင် ခွဲခြားရေးစနစ် ဆုံးခန်းရောက်ဖို့ မာတင် ကူညီခဲ့တယ်။ အခြားသော မြို့ကြီးတွေရှိမှာလည်း အသေအချာပဲ ဖြစ်တယ်။

မာတင်ဟာ အယ်လ်ဘားမားပြည်နယ် ဆယ်လ်မာမြို့ဆီကို အာရုံရောက်ကာ ဆန်းစစ်မိတယ်။ ဆယ်လ်မာမြို့ဒေသခံတွေရဲ့ ထက်ဝက်ကျော်မှာ လူမည်းများ ဖြစ်ပေမယ့် ၁ ရာခိုင်နှုန်းသာ မဲဆန္ဒပေးဖို့ မှတ်ပုံတင်ခဲ့တယ်။ ရွေးကောက်ပွဲကော်မရှင်ရုံးတွေဟာ လူအများ မဲပေးခွင့် ရရှိရေး မှတ်ပုံတင်ဖို့ အခက်အခဲ ရှိတယ်။ ဒါဖြင့် စာတတ်မြောက်ခြင်း ရှိမရှိ စစ်ဆေးမှုတွေကလည်း ခဲယဉ်း တင်းကျပ်လှတယ်။ ဗဟိုတရားရုံးက တရားသူကြီးချုပ်တွေတောင် တချို့အဖြေတွေကို သိနိုင်စရာမရှိလောက်အောင် မေးခွန်းတွေက ခက်လှတယ်လို့ မာတင်က ဆိုတယ်။

ရက်သတ္တတစ်ပတ် အတန်ကြာမှာ မာတင် ဦးဆောင်တဲ့အုပ်စုဟာ မဲဆန္ဒပေးခွင့် ရရှိရေး မှတ်ပုံတင်ဖို့ တရားရုံးကို သွားခဲ့တယ်။ ဒါပေမဲ့ ဆယ်လ်မာမှ ချီတက်ဆန္ဒပြပွဲ ကျင်းပဖို့ တရားဝင် ခွင့်ပြုခြင်း မရှိဘူး။ ဒါကြောင့် အဲဒီအုပ်စု ဖမ်းဆီးခံရတယ်။ မဲဆန္ဒပေးပိုင်ခွင့်ကို ရလိုရုံနဲ့ ထောင်နဲ့ချီတဲ့ လူမည်းတွေ ထောင်သွင်းအကျဉ်းချခံခဲ့ရတယ်။

၁၉၆၅ ဖေဖော်ဝါရီ ၁ ရက်နေ့မှာ မာတင်လူသာကင်းဂျူနီယာဟာ ချီ

တက်ဆန္ဒပြပွဲတစ်ခုမှာ ဖမ်းဆီးခံခဲ့ရတယ်။ မာတင် ထောင်ကျနေချိန် ကျောင်းသားတွေရဲ့ အကြမ်းမဖက်ရေးညှိနှိုင်းကော်မတီလို့ ခေါ်တဲ့ အုပ်စု တစ်စုက မယ်လ်ကွန်အိပ်က်စ် အမည်ရှိ လူတစ်ဦးကို ဆယ်လ်မာမြို့မှာ ဟောပြောရန် ဖိတ်ကြားခဲ့တယ်။

မယ်လ်ကွန်အိပ်က်စ်ဟာ မာတင်ရဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို သဘော မတူတဲ့ လူမည်းခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ မယ်လ်ကွန်အိပ်က်စ်ဟာ စကားနဲ့ပဲ တိုက်ခိုက်နေရတာကို မယုံကြည်ဘူး။ သူက လက်သီးကို သုံးဖို့ ဖြစ်နိုင်ရင် ဒီထက်ပိုတဲ့ လက်နက်ကို အသုံးပြုရေးက အဆင်ပြေတယ်လို့ လက်ခံယုံကြည်တယ်။ မယ်လ်ကွန်အိပ်က်စ်က 'လူမည်းဂုဏ်'နှင့် စပ်လျဉ်းပြီး လူမည်းတို့ဟာ ကိုယ်သိက္ခာကို လေးစားသင့်ကြပြီး အမျိုးဂုဏ် ဇာတိဂုဏ်အတွက် ဇာတိပုည မာနထားကြရမယ်လို့ ပြောကြားခဲ့တယ်။



မာတင်လူသာကင်းဂျူနီယာ ထောင်ကျနေတဲ့ ကာလအတွင်း ပေးစာတစ်စောင် ရေးခဲ့ရာ နယူးယောက်တိုင်းမ်သတင်းစာက ထိုစာကို ဖော်ပြခဲ့တယ်။ အဲဒီစာမှာ မာတင်က ''ကျွန်တော်နဲ့အတူ ထောင်ထဲမှာ မဲစာရင်းမှာပါတဲ့ လူဦးရေထက် ပိုမိုတဲ့ နီဂရိုးတွေ ရှိသေးတယ်''လို့ ဆိုတယ်။

လူထုချီတက်ဆန္ဒပြပွဲတွေဟာ အယ်ဘာမားမှ ခရိုင် အတော်များများကို ပျံ့နှံ့သွားခဲ့တယ်။ တစ်ညမှာ လူမည်းချီတက်ဆန္ဒပြသူ တစ်ဦးဖြစ်တဲ့ ဂျင်မီးလီဂျက်ဆင်ဟာ မဲဆန္ဒရှင်မှတ်ပုံတင်ရေး လှုပ်ရှားမှုကာလအတွင်း ပစ်သတ်ခံရတယ်။ သူဟာ အသက် ၂၆ နှစ်သာ ရှိသေးတယ်။ ဂျင်မီးလီက သူမသေမီ ပြည်နယ်ရဲတပ်ဖွဲ့ဝင် တစ်ဦးက သူ့ကိုသတ်ခဲ့တယ်လို့ ပြောကြားခဲ့တယ်။ ဆယ်လ်မာရှိ လူမည်းအသိုက်အဝန်း တစ်ရပ်လုံးက ဒေါသပေါက်ကွဲခဲ့တယ်။ ဒါပေမဲ့ မာတင်က ဒီလိုချိန်မျိုးထိတိုင် လူထုကို အကြမ်းဖက်မှုတွေနဲ့ တိုး၍ မတိုက်ခိုက်စေလိုဘူး။ သူက မယ်လ်ကွန်အိပ်က်စ် မှားတယ်လို့ ဆိုတယ်။ ဒါ့ကြောင့် မာတင်က လူမည်းတွေအတွက် မဲပေးခွင့်ကို တောင်းဆိုဖို့ ဆယ်လ်မာမြို့ကနေပြီး အလာဘားမားပြည်နယ် မြို့တော် မောင်ဂိုမာရီကို လူထုချီတက်ဆန္ဒပြပွဲပြုလုပ်ဖို့ စည်းရုံး လှုံ့ဆော်ခဲ့တယ်။

အဲဒီအချိန်က အလာဘားမားပြည်နယ် အုပ်ချုပ်ရေးမှူးမှာ ဂျော့ချ်ဝေါလေ့စ် ဖြစ်တယ်။ သူက ချီတက်ပွဲ ပေါ်ပေါက်လာမှာကို မလိုလားဘူး။ ဒါကြောင့် ချီတက်ပွဲကို တားဆီးပိတ်ပင်လိုက်တယ်။ သူ့ပိတ်ပင်တားမြစ်မှုကြောင့် မာတင်က ရပ်သွားသလား ... ။ မရပ်ပါ။ မတ်လ ၇ ရက်မှာ လူပေါင်းခြောက်ရာငါးဆယ်ပါဝင်တဲ့ ချီတက်ဆန္ဒပြမယ့် လူထုကြီး မောင်ဂိုမာရီကို ချီတက်ကြတယ်။ အဲဒီနေ့က တနင်္ဂနွေနေ့ ဖြစ်လို့ မာတင်က အတ္တလန္တာရှိ သူ့ရဲ့ ဘုရားရှိခိုးကျောင်းမှ တရားဟောဖို့ နေခဲ့တယ်။ နောက်ပိုင်းမှာ ချီတက်ဆန္ဒပြသူများနဲ့ ပေါင်းဖို့ မောင်ဂိုမာရီကိုသွားမယ့် လေယာဉ်ကိုစီးဖို့ စီစဉ်ထားခဲ့တယ်။


ထုံစံအတိုင်း ဆန္ဒပြသူတွေက ငြိမ်းငြိမ်းချမ်းချမ်း ချီတက်လာခဲ့ကြတယ်။ ဒါပေမဲ့ မကြာမီပင် နံပါတ်တုတ်တွေ၊ မျက်ရည်ယိုဗုံးတွေ ကိုင်ဆောင်လာကြတဲ့ ပြည်နယ်ရဲတပ်ဖွဲ့တွေ ပေါ်လာတော့တယ်။ သူတို့က ဆန္ဒပြသူတွေကို တိုက်ခိုက်ပြီး လူစုခွဲတယ်။ မြင်းစီးရဲတပ်ဖွဲ့ဝင် အချို့က ဆန္ဒပြသမားကို မြင်းနဲ့ နင်းတယ်။ လူပေါင်း ၇၀ ခန့် ဒဏ်ရာ ရခဲ့တယ်။ အဲဒီအကြမ်းဖက် တိုက်ခိုက်မှုကို ရုပ်မြင်သံကြားဌာနတွေက ရုပ်ရှင်ရိုက် ထုတ်လွှင့်ခဲ့တယ်။ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကြီးက အဲဒီအဖြစ်အပျက်ကို အကြီးအကျယ် ဒေါသထွက်ခဲ့ကြပြီး သူတို့ရဲ့ သက်ဆိုင်ရာ မြို့အသီးသီးမှာ ဆန္ဒပြခဲ့ကြတယ်။

မာတင် ကိုယ်တိုင်လည်း အဲဒီသတင်းကိုကြားကာ တုန်လှုပ်ချောက်ချားသွားခဲ့တယ်။ ချီတက်ဆန္ဒပြသူတွေနဲ့အတူ မလိုက်မိခဲ့လို့ သူ့ကိုယ်သူ အပြစ်ရှိတယ်လို့လည်း ခံစားမိတယ်။ ဒါကြောင့် နှစ်ရက်အကြာမှာ နောက်ထပ်ဆန္ဒပြပွဲတစ်ခု ကျင်းပဖို့ သူ စီစဉ်ခဲ့တယ်။

မတ်လ ၉ ရက်နေ့မှာ လူပေါင်း ၁၅၀၀ ပါဝင်တဲ့ ဆန္ဒပြသူတွေနဲ့ ဆယ်လ်မာက မောင်ဂိုမာရီအထိ ချီတက်ဆန္ဒပြပွဲကို မာတင်က ဦးဆောင်ခဲ့တယ်။

ချီတက်ပွဲ မစခင်ကတည်းကပဲ မာတင်က ဆန္ဒပြသမားတွေကို ချန်နေခဲ့ရကောင်းမလားလို့ သံသယရှိသူတွေကို နေခဲ့ရန် ပွင့်ပွင့်လင်းလင်း ပြောခဲ့တယ်။ သူတို့ အရိုက်အနက်ခံရရင် လက်တုံ့ပြန်တိုက်ခိုက်တာမျိုး မလုပ်

ရေးကို သေချာအောင်လုပ်ခဲ့တယ်။ သူတို့က တံတားကြီးတစ်ခုကို ဖြတ်တဲ့အခါ တစ်ဖက်မှာ ပြည်နယ်ရဲတပ်ဖွဲ့တွေက တံတိုင်းတစ်ခုသဖွယ် ကားဆီးပြီး ပိတ်ပင်ထားတာကို ရင်ဆိုင်လိုက်ရတယ်။ ဆန္ဒပြသမား အတော်များများ ဒဏ်ရာရကြတယ်။ သေဆုံးသူတွေတောင် ရှိတာကို မာတင် မြင်ခဲ့တယ်။ ချီတက်ဆန္ဒပြပွဲက တစ်ခု ... ။ အသက်ခံရတာက တစ်မျိုး ... ။ ဒါ့ကြောင့် လူအုပ်ကြီးကို ပြန်လှည့်စေခဲ့တယ်။



သတင်းကောင်းကြားရတယ်။ အလွန်ကောင်းတဲ့သတင်း ဖြစ်တယ်။ သမ္မတဂျွန်ဆင်က ဆန္ဒပြသမားတွေကို ချီတက်ဆန္ဒပြခွင့်ရှိကြောင်း ပြောကြားလိုက်ခြင်း ဖြစ်တယ်။ ဆန္ဒပြသမားတွေကို ကာကွယ်ပေးဖို့ တပ်များ စေလွှတ်လိုက်မယ်လို့ သူ ကတိပြုခဲ့တယ်။




ဆန္ဒပေးရေး မှတ်ပုံတင်ရန် မစ္စစ္စပီသို့ သွားခဲ့ကြသည်။ (အင်ဒဂူးဂွတ်မန်းနှင့် မစ်ကီရှဝါနာတို့ နှစ်ဦးစလုံးမှာ လူဖြူများ ဖြစ်ကြသည်။) ၁၉၆၄ ဇွန် ၂၀ ရက် ညတွင် သူတို့နှစ်ဦး မစ္စစ္စပီနယ်မီရီဒီယန်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ထိုမြို့တွင် ဂျိမ်းရှာနေ အမည်ရှိ လူမည်းတစ်ဦးက သူတို့အုပ်စုနှင့် လာပေါင်းသည်။ ပြည်သူလူထု အခွင့်အရေး တိုက်ပွဲဝင် လုပ်သားသုံးဦး ကားအမြန်မောင်းမှုနဲ့ ဖမ်းဆီးခံရပြီး မြို့မှနှင်ထုတ်ခံရသည်။ သို့ရာတွင် ကုကလပ်




ကင်ခေါ်သည့် အကြမ်းဖက် လူမျိုးရေးဝါဒီ အုပ်စုနှင့် အဖွဲ့ဝင်များက သူတို့ကို ခြေရာခံလိုက်ပြီး ပစ်သတ်လိုက်ကြသည်။ ကွယ်လွန်ချိန်တွင် သူတို့အားလုံး လူငယ်များ ဖြစ်ကြသည်။ ဂွတ်မန်းက နှစ်ဆယ့်တစ်၊ ရှဝါနာက နှစ်ဆယ့်ငါးနှစ်နှင့် ရှာနေက နှစ်ဆယ့်တစ်နှစ် အသီးသီး ဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် ပြည်သူလူထု အခွင့်အရေး တိုက်ပွဲဝင် လုပ်သားသုံးဦး သေဆုံးသည့်အတွက် လူဖြူဆယ့်ကိုးယောက်ကို ဖမ်းဆီးခဲ့သည်။ ယင်းတို့အနက် ခုနစ်ဦးမှာ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရသည်။ မီရီဒီယမ်မြို့ ငြိမ်ဝပ်ပိပြားရေးအရာရှိ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သူ ဘီးဂျီဘားနက်နှင့် ဒေသခံ တရားဟောဆရာတစ်ဦးဖြစ်သူ အဂ္ဂါရေးကီလ်လင်တို့ကို ခုံအဖွဲ့က ဆုံးဖြတ်ချက် မချမှတ်နိုင်သဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပြုလိုက်သည်။ နှစ်ပေါင်းလေးဆယ်နီးပါး ကြာမြင့်သည့် ၂၀၀၅ ခုနှစ်ထိ ကီလင်သည်လည်း လူသတ်မှုတွင် အပြစ်ရှိကြောင်း မဖော်ထုတ်နိုင်ခဲ့ပေ။

## အခန်း – ၁၀
## ဆင်းရဲမွဲတေမှုတိုက်ပွဲ

မဲပေးပိုင်ခွင့်၊ ဘတ်စ်ကားပေါ်မှာ ဘယ်နေရာမဆို ထိုင်နိုင်ခွင့်၊ ဘယ်စားသောက်မှာမဆို ဝင်ရောက်စားသောက်နိုင်ခွင့်တွေ ရရှိခဲ့ပေမဲ့ လူမည်းပြည်သူလူထုဟာ ရှန်းကန်တိုက်ပွဲဝင်နေရဆဲပင် ဖြစ်တယ်။ လူမည်း အတော်များများ အလုပ်မရှိကြ။ အလုပ်ရှိ လူမည်းတွေမှာလည်း ကောင်းကောင်းမွန်မွန် နေထိုင်ဖို့ ဝင်ငွေမလုံလောက်။ လူမည်းတို့မှာ အပူငွေ့ပေးပိုက်လိုင်းမရှိတဲ့နေအိမ်မှာ နေရတယ်။ သွယ်တန်းထားတဲ့ ရေပိုက်တွေမှာလည်း ပေါက်ပြဲနေပြီး ရေယိုနေတဲ့ပိုက်လိုင်းတွေ ဖြစ်တယ်။ လူမည်း အတော်များများနာမကျန်းဖြစ်ကြပြီး ဆရာဝန်ဆီသွားပြဖို့ ဆေးဖိုးဝါးခတောင် မရှိကြ ...။

လူမည်းတွေက ဒေါသကြီးတယ်။ သူတို့ဟာ အလိုမကျဘဲ စိတ်ပျက်နေကြတယ်။ အချို့လူမည်းတွေမှာ မာတင်ရဲ့ ဟောပြောချက်တွေကို နားထောင်ရတာ ငြီးငွေ့လာတယ်။ အပြောင်းအလဲက ထင်သလောက် မြန်မြန်ဆန်ဆန် မဖြစ်ခဲ့ဘူး။ ၁၉၆၅ ခုနှစ်မှာ သတ်ဖြတ်ခံရတဲ့ လူမည်းခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မယ်လကွန်အိပ်ကစ် ရဲ့ နောက်လိုက် လူမည်းထုက ပြန်လည်အကြမ်းဖက်တိုက်ခိုက်ဖို့ သူ့ရဲ့ သွန်သင်ချက်ကို ဆက်လက် အကောင်အထည်ဖော်ဖို့ဆိုတဲ့ သွန်သင်ချက်ကို ဆက်လက် အကောင်အထည်ဖော်ဖို့ အုပ်စုတွေဖွဲ့ကြတယ်။ ကျားသစ်နက်အဖွဲ့ (The Black Panther Party) လို အုပ်စုတွေ ပေါ်ထွန်းလာတယ်။ အဲဒီအုပ်စုက လူမည်းတို့ရဲ့ ဂုဏ်သိက္ခာနဲ့စပ်လျဉ်းပြီး ပြောဆိုဆွေးနွေးခဲ့တယ်။



၁၉၆၅ ဩဂုတ်လမှာ လော့စ်အိမ်ဂျလိစ်မြို့ ဝပ် (Watls) ခေါ်တဲ့ ရပ်ကွက်မှာ အဓိကရုဏ်းတစ်ခု ပေါ်ပေါက်တယ်။ ဒေါသထွက်နေတဲ့ လူမည်းအုပ်စုက လမ်းတကာလမ်း ပြေးလွှားကာ ဝရုန်းသုန်းကား ဖြစ်နေတယ်။ သူတို့က ကျောက်ခဲများ၊ ပုလင်းများနဲ့ ပစ်ပေါက်ကြတယ်။ စတိုးဆိုင်မှန်ပြတင်းပေါက်တွေကို ရိုက်ခွဲတယ်။ ပစ္စည်းတွေ လုယက်တယ်။ ဆိုင်ကို မီးတင်ရှို့တယ်။ လူအတော်များများ သေဆုံးတယ်၊ ထိခိုက် ဒဏ်ရာရခဲ့ကြတယ်။ အဲဒီ အဓိကရုဏ်းမှာ ခြောက်ရက်ကြာအောင် ဆက်လက်ဖြစ်ပွားခဲ့တယ်။ နောက်ဆုံး အကြမ်းဖက်မှုတွေကို ရပ်စေနိုင်ဖို့ အမေရိကန်စစ်တပ်ကို ခေါ်ကာ နှိမ်နင်းခဲ့ရတယ်။

# ဝပ်အဓိကရုဏ်း

၁၉၆၅ ဩဂုတ် ၁၁ ရက်နေ့တွင် မာကွီတီးဖရိုင်ယီအမည်ရှိ လူမည်းတစ်ဦးသည် ကာလီဖိုးနီးယား အဝေးပြေးလမ်းမကြီးပေါ် ကားမောင်းနေစဉ် ရဲက သူ့ကားကို ရပ်ခိုင်းပြီး ကားပေါ်မှာ ဆွဲချကာ ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် ရဲအရာရှိက သူသည် ကားကို အန္တရာယ်ဖြစ်လောက်အောင် မောင်းနှင်သည်ဟု ဆိုသည်။



ရဲက ဖရိုင်ယီနှင့် သူ့ညီကို စစ်ဆေးနေစဉ်တွင် လူတချို့ အုပ်စုဖွဲ့မိလာသည်။ သူတို့ ဒေါသထွက်နေကြသည်။ အချို့က ရဲအရာရှိများကို အော်ဟစ်ဆဲဆိုကြသည်။ သူတို့က ဖရိုင်ယီညီအစ်ကို ကားပေါ်မှ ဆွဲချခြင်းမှာ လူမည်းဖြစ်နေ၍ပင် ဖြစ်သည်ဟု ဆိုသည်။ လူတချို့က ရဲများကို ခဲဖြင့်ပစ် ပေါက်ကြသည်။ ဖရိုင်ယီနှင့် သူ့ညီကို ရဲက ဖမ်းလိုက်ချိန်တွင် လူအုပ်ကြီးက ဒေါသ ပို ထွက်လာပြီး အဓိကရုဏ်း စတင်ဖြစ်ပွားတော့သည်။ ထို အဓိကရုဏ်းမှာ ခြောက်ရက်

ကြသည်။

ဝပ်ရပ်ကွက်နေ လူထုမှာ စိတ်ချောက်ချားနေကြပြီး မျှော်လင့်ချက် မဲ့ခဲ့ရသည်။ သူတို့ သားကောင်ဖြစ်ခဲ့ရပြီဟု ခံစားမိသည်။



လူမည်းထုရဲ့ မကျေနပ်မှုကို မာတင် နားလည်သဘောပေါက်တယ်။ ဒါပေမဲ့ ''သူတို့ခံစားချက်တွေ၊ ဒုက္ခတွေကို လူတွေ ပြောခွင့်မရှိတဲ့အခါ ဒီလူတွေဟာ ဂရုထားမခံရတဲ့ကလေးငယ်တစ်ဦးလို ဝုန်းဒိုင်းကြဲ ဒေါသထွက်ကြမှာပဲ။ ဒီအဓိကရုဏ်းဟာ လျစ်လျူရှုထားခဲ့ရပြီး ဘာမှပြောခွင့်တိုင်ခွင့်မရှိတဲ့သူတွေ အကြီးအကျယ် ဒေါသအိုးပေါက်ကွဲပြီး ဝုန်းဒိုင်းကြဲတာမျိုး ဖြစ်တယ်'' လို့ ပြောကြားခဲ့တယ်။

ဒေါသထွက်နေတဲ့ လူမည်းဆန္ဒပြသမားတစ်ဦးက ...

''အဓိကရုဏ်းဟာ အဖြေမဟုတ်ဘူးဆိုတာ ကျုပ်တို့ သိပါတယ်။ ဒါပေမဲ့ ဒီမှာ ကျုပ်တို့ ဒုက္ခအပေါင်းကို ကာလတာရှည် ခါးစည်းခံနေပြီး အောက်တန်းကနေကြတာ ဘယ်သူကမှ အလေးမထားကြဘူး။ ဂရုမစိုက်ကြဘူး။ အခုတော့ အနည်းဆုံး ကျုပ်တို့ ဒီမှာနေတယ်ဆိုတာ သူတို့ သိသွားကြပြီလေ။ အဓိကရုဏ်းက မှန်ကန်တဲ့နည်းလမ်းတစ်ရပ်တော့ ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ နည်းတစ်ခုတော့ ဖြစ်တယ်'' လို့ မာတင်ရဲ့ စကားကို တုံ့ပြန်ပြောကြားခဲ့တယ်။

ပြဿနာအရင်းမြစ်မှာ ဆင်းရဲမွဲတေမှု ဖြစ်တယ်။ လူထုက ဆင်းရဲပြီး အစစ အဆင်မပြေဖြစ်ခဲ့ရတယ်။ ဒါ့ကြောင့် မာတင်က သူ့ရဲ့ ဦးတည်ချက်ကို အလုပ်လက်မဲ့ ပြဿနာဘက် ပြောင်းလဲလိုက်တယ်။ အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ရရှိရေးကို ဦးတည်လိုက်တယ်။ ၁၉၆၅ ဇူလိုင်လ ၂၆ မှာ သူဟာ ချီကာဂိုမြို့တော်ခန်းမဆီ လူထုချီတက်ပွဲကြီးကို ဦးဆောင်ခဲ့တယ်။

ချီကာဂိုဟာ အမေရိကန်ပြည်ထောင်စုမှာ ဒုတိယအကြီးဆုံးမြို့ ဖြစ်တယ်။ လူမည်းတစ်သန်းကျော် အဲဒီမြို့ကြီးမှာ နေထိုင်တယ်။ အချို့သူတွေက ချီကာဂိုကို 'မြောက်ပိုင်းဒေသ၏ ဘာမင်ဂန်'လို့တောင် ခေါ်ကြတယ်။ ချီကာဂိုမြို့မှာ နေထိုင်တဲ့ လူမည်းအများစုဟာ ဆင်းရဲသားတွေ

ဖြစ်တယ်။ သူတို့ဟာ လုပ်ခလစာ မဝရေစာသာပေးတဲ့ အလုပ်အကိုင်တွေမှာ ဝင်လုပ်ရတယ်။ အချို့ဆိုရင် လုံးဝအလုပ်ကို မရှိသူတွေ ဖြစ်တယ်။ လူအများစုဟာ တိုက်အို တိုက်ဟောင်းတွေ၊ ပြိုတော့မယ့် တိုက်ပျက်တွေမှာ နေကြရတယ်။ လူဖြူ လူမည်း အသားရောင်ခွဲခြားမှုကို ဆန့်ကျင်တဲ့ဥပဒေတွေ ရှိပေမယ့် လူဖြူပိုင်တဲ့ အဆောက်အအုံတွေက နေအိမ်ခန်းတွေကို လူမည်းတွေအတွက် မငှားပေ။

၁၉၆၆ မှာ ကင်းမိသားစု ချီကာဂိုမြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့တယ်။ သူတို့ဟာ အဆင့်အတန်းမြင့် တိုက်တာတွေမှာပဲ နေထိုင်ကြမဲ့ ဖြစ်တယ်။ ဒါပေမဲ့ လူမည်းအများစု အမေရိကန်ပြည်ထောင်စုမှာ ဘယ်လိုဘယ်ပုံ နေထိုင်ကြရတယ်ဆိုတာ သူ့မိသားစုသိရှိဖို့ အရေးကြီးတယ်လို့ မာတင်က ယူဆ တယ်။ ဒါကြောင့် သူတို့ဟာ လူနေတိုက်ခန်းလေးခန်းပါတဲ့ တိုက်အိုကြီး



တစ်ခုမှာ တစ်လ ဒေါ်လာကိုးဆယ်ပေးပြီး ငှားရမ်းနေထိုင်ခဲ့တယ်။ လူဖြူရပ်ကွက်တွင် အခုသူတို့ငှားတဲ့တိုက်ထက် အပုံကြီးပိုကောင်းပြီး လူနေတိုက်ခန်း ငါးခန်းပါတိုက်မှာ တစ်လလျှင် ဒေါ်လာရှစ်ဆယ်သာ ပေးရတယ်။

အဲဒီတိုက်ခန်းမှာ မိသားစုနေပြီး မကြာလှပါ။ မာတင်ရဲ့ ကလေးတွေစတင်ပြီး ဒေါသထွက်ကာ ဝုန်းဒိုင်းကြဲတော့တယ်။ ပထမတော့ မာတင်ကသူ့ရဲ့ကလေးတွေ ဘာကြောင့် ဝုန်းဒိုင်းကြဲရတယ်ဆိုတာ နားမလည်နိုင်ဘူး။ ဒါပေမဲ့ သူ့ကလေးတွေ ကစားစရာ နေရာမရှိလို့ ဒီလိုဝုန်းဒိုင်းကြဲ ဆူပူမှုတွေ ပေါ်ပေါက်ခဲ့တာကို သူနားလည် သဘောပေါက်ခဲ့တယ်။ အနီးအနားမှာ ကလေးတွေ အပြေးအလွှား ကစားနိုင်တဲ့ ပန်းခြံတွေ မရှိဘူး။ ညစ်ပတ်ပေရေ မွဲတေနေရသူတွေ ဘယ်လိုခံစားရမလဲ ဆိုတာကို မာတင်နားလည်သဘောပေါက်စ ပြုခဲ့တယ်။



အဲဒီနှစ် နွေရာသီ ချီကာဂိုမှာ ပြုလုပ်တဲ့ ချီတက်ဆန္ဒပြပွဲအတော်များများကို မာတင် ဦးဆောင်ခဲ့တယ်။ မာတင်ရဲ့ ချီတက်ဆန္ဒပြသူတွေက အကြမ်းမဖက်ခဲ့ကြပေမဲ့ သူတို့ကိုယ်တိုင်ကတော့ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ကြရတယ်။ သူတို့ကို ပုလင်းတွေ၊ အုတ်ခဲတွေနဲ့ ပစ်ခတ်

တိုက်ခိုက်တယ်။ သူတို့ကို လူအများက အော်ဟစ်ဆဲဆိုကြတယ်။ ဒါပေမဲ့ ဘယ်ဆန္ဒပြသမားမှ ပြန်လည်မတိုက်ခိုက်ခဲ့ဘူး။





မာတင်လူသာကင်း ဂျူနီယာဟာ ချီကာဂိုမြို့တော် ခန်းမကို ချီတက်ခဲ့တယ်။ သူတို့ရဲ့ လိုလားတောင်းဆိုချက်တွေကို မြို့တော်ဝန် ရစ်ချက် ဒါလီ ဖတ်ရှုဖို့ ခန်းမတံခါးဝမှာ ပိုစတာကပ်ခဲ့တယ်။ အဲဒီ တောင်းဆိုချက်တွေမှာ လူဖြူရဲတို့ရဲ့ အကြမ်းဖက်မှု ရပ်ဆိုင်းဖို့နဲ့ အလုပ်အကိုင်နဲ့ အိုးအိမ်တွေမှာ ခွဲခြားဆက်ဆံမှုတွေ ရပ်ဆိုင်းဖို့တို့ ပါဝင်တယ်။

မြို့တော်ဝန်ဒါလီထံက အဖြေမရခဲ့ဘူး။ ဒါ့ကြောင့် ချီတက်ဆန္ဒပြသူတွေ ဆက်လက်တိုက်ပွဲဝင်တယ်။ အက်စ်စီအယ်လ်စီ လူငယ်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျက်ဆီဂျက်ဆန်က စီဆာရိုခေါ်တဲ့ ရပ်ကွက်မှာ ဆန္ဒပြချီတက်ပွဲကျင်းပဖို့ စီစဉ်ခဲ့တယ်။ အဲဒီမှာ လူဖြူခုနစ်သောင်း နေထိုင်တယ်။ မြို့တော်ဝန် ဒါလီနဲ့ ရဲတို့က စီဆာရိုမြို့တွင်း လှည့်လည်ချီတက် ဆန္ဒပြမှုဟာ အကြမ်းဖက်မှုနဲ့သာ အဆုံးသတ်ရမှာကို သိတယ်။ ဒါကြောင့်ပဲ နောက်ဆုံးမှာ မြို့တော်ဝန်က မာတင်လူသာကင်းဂျူနီယာကို ချီတက်ပွဲအစီအစဉ် ဖျက်သိမ်းဖို့ ပြောကြားခဲ့တယ်။ တောင်းဆိုချက်တွေ ဖြည့်ဆည်းမယ် ဆိုတယ်။



ဒါ့ကြောင့် မာတင်နဲ့ အက်စ်စီအယ်လ်စီ ခေါင်းဆောင်တွေက စိတ်ရင်းကောင်းနဲ့ ယုံကြည်ကာ သဘောတူခဲ့ကြတယ်။ မြို့တော်ဒါလီဘက်က ကတိပျက်ခဲ့တယ်။ ချီကာဂိုမှာ ဘာမှမပြောင်းလဲ နဂိုအတိုင်းပဲ ဖြစ်တယ်။ မာတင်လူသာကင်းဂျူနီယာ ချီကာဂိုက ဘယ်မြို့ကို တိုက်ပွဲဝင်ခရီးဆက်မလဲ... ။



# အခန်း – ၁၁
# ဆက်လက်ချီတက်

မာတင်က သူသာ မြို့တော်အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုကို သူ မရခဲ့ရင် အဲဒီထက် အဆင့်မြင့် အာဏာပိုင်ထိတက်ပြီး အရေးဆိုဖို့ ဆုံးဖြတ်ထားခဲ့တယ်။ မာတင်နဲ့ တောင်ပိုင်းခရစ်ယာန်ကွန်ဖရင့်က ၁၉၆၈ ခုနှစ် နွေရာသီမှာ ဝါရှင်တန်ဒီစီအထိ နောက်ထပ် ချီတက်ဆန္ဒပြဖို့ စီစဉ်ခဲ့တယ်။ ရည်ရွယ်ချက်မှာ ဆင်းရဲသားပြည်သူလူထု ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို အထောက်အပံ့ဖြစ်စေမယ့် ဥပဒေတွေကို ကွန်ဂရက် လွှတ်တော်က ပြဋ္ဌာန်းပေးစေဖို့ ဖြစ်တယ်။

အဲဒီလို လူထုဆန္ဒပြပွဲကြီး မပြုလုပ်မီ မာတင်လူသာကင်းဂျူနီယာဟာ တင်နက်ဆီပြည်နယ်၊ မင်းဖစ်မြို့ကို သွားခဲ့တယ်။ အဲဒီမြို့မှာ သန့်ရှင်းရေးလုပ်သားတွေ သပိတ်မှောက်ကြတယ်။ မာတင်က အဲဒီလုပ်သားတွေ လုပ်ခလစာတိုးမြှင့် ရရှိရေးကို ကူညီပေးဖို့ ဆန္ဒရှိတယ်။

၁၉၆၈ မတ်လ ၂၈ ရက်နေ့မှာ မာတင်နဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေဟာ မင်းဖစ်မြို့ လမ်းပေါ်ကို ထွက်လာကြတယ်။ ထွက်ပေါ်လာတဲ့ ရလဒ်က အကြမ်းဖက်မှု နောက်တစ်ကြိမ် ဖြစ်ပြန်တယ်။ ဒါပေမဲ့ အခုအကြိမ် ပေါ်ပေါက်ခဲ့တာဟာ ချီတက်ဆန္ဒပြသူ အချို့ကြောင့် ဖြစ်တယ်။ ဆယ်ကျော်သက်

# ဂျိမ်းစ်အားလ်ရေး

၁၉၆၈ ဇွန် ၈ ရက်တွင် ဂျိမ်းစ်အားရေး အမည်ရှိ လူဖြူ တစ်ဦးကို မာတင်လူသာကင်းဂျူနီယာအား သတ်ဖြတ်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ဂျိမ်းစ် အားရေးကို ၁၉၂၈ မတ် ၁၀ ရက်နေ့တွင် အီလီနွိုင်းပြည်နယ် အယ်လ်တန်မြို့တွင် မွေးဖွားခဲ့သည်။ ရေးသည် ရာဇဝတ်မှု ကျော်ဇောသတင်းရှိသူ ဖြစ်သည်။ သူသည် ဓာတ်ဆီဆိုင်နှင့် စတိုးဆိုင်များကို ဓားပြတိုက်ခဲ့သည်။ သူသည် ထောင်သုံးကြိမ်ကျခဲ့ဖူးပြီး အီလီနွိုင်းတွင် တစ်ကြိမ်နှင့် မစ်ဇူရီတွင် နှစ်ကြိမ် ဖြစ်သည်။




ရေးကို ဖမ်းမိခဲ့ပြီးနောက် သူက ဖြောင့်ချက်ပေးခဲ့သည်။ သူ့ကို ထောင်ဒဏ် ကိုးဆယ့်ကိုးနှစ် ချမှတ်လိုက်သည်။ သို့သော် ရေးက နောက်ပိုင်းတွင် သူအပြစ်မရှိကြောင်း ပြောဆိုခဲ့သော်လည်း သက်သေအထောက်အထား မပြနိုင်ခဲ့ပေ။ ၁၉၉၈ ခုနှစ် ရေး ထောင်တွင်း၌ပင် ကွယ်လွန်ခဲ့သည်။

# အခန်း – ၁၂
# သူ့အိပ်မက် ရှင်သန်နေဆဲ

မာတင်လူသာကင်းဂျူနီယာဟာ ခေတ်အဆက်ဆက် အကြီးမြတ်ဆုံးသော ပြည်သူလူထုအခွင့်အရေးတိုက်ပွဲဝင် ခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ ဒီနေ့ခေတ်မှာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုအပေါင်းက သူ့ရဲ့ တန်းတူညီမျှရေး တိုက်ပွဲမှာ သူစွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သမျှ အားလုံးကို ယခုအချိန် အမှတ်ရနေကြဆဲ ဖြစ်တယ်။

မာတင် ကွယ်လွန်သွားပြီးနောက် ကော်ရက်တာက သူ့ခင်ပွန်းသည်ရဲ့ တိုက်ပွဲကို ဆက်လက်ဆောင်ရွက်တယ်။ သူဟာ ကမ္ဘာတစ်ဝန်းလုံးအနှံ့ ခရီးထွက်ကာ ငြိမ်းချမ်းရေးနဲ့စပ်လျဉ်းပြီး ဟောပြောခဲ့တယ်။ သူဟာ တောင်အာဖရိကမှာ လူဖြူ လူမည်းခွဲခြားရေးဖြစ်တဲ့ အသားရောင်ခွဲခြားခြင်းအပါးသိုက်ဒ်စနစ်ကို အဆုံးသတ်စေဖို့ တိုက်ပွဲဝင်တယ်။ ကော်ရက်တာဟာ သူကွယ်လွန်တဲ့ ၂၀၀၆ ခုနှစ်ထိတိုင် ပြည်သူလူထုအခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။




မာတင်ရဲ့ သား သမီးကလည်း သူတို့ဖခင်ရဲ့ ဆန္ဒကို ဆက်လက်အကောင်အထည်ဖော်ခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ တတိယမြောက် မာတင်လူသာကင်းက တောင်ပိုင်း ခရစ်ယာန်ခေါင်းဆောင်များ ကွန်ဖရင့်ကို ဦးဆောင်ရန် ရွေးချယ် တင်မြှောက်ခံရတယ်။ သူဟာ ၂၀၀၄ ခုနှစ်ထိ အက်စ်စီအယ်လ်စီ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့တယ်။ မာတင်ရဲ့ သမီးထွေးဘားနီးစ်ဟာ တရားဟောဆရာ ဖြစ်တယ်။ သူဟာ ကမ္ဘာတစ်ဝန်း လှည့်လည်ပြီး ပြည်သူလူထုအခွင့်အရေးနဲ့ စပ်လျဉ်းပြီး ဟောပြောခဲ့တယ်။

မာတင်ရဲ့ သားအငယ်ဆုံး ဒက်ဆတာဟာ မိုးဟောက်စ်ကောလိပ်ကို တက်ရောက်ခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ ဒက်ဆတာဟာ ထောင်ကျနေတဲ့ ဂျိမ်းစ်အားရေးကို ထောင်ဝင်စာ သွားတွေ့ခဲ့တယ်။ ရေးနဲ့ တွေ့ဆုံကာ စကားစမြည် ပြောဆိုခဲ့ပြီးနောက် ဒက်ဆတာက အဲဒီသူဟာ သူ့ဖခင်ကို ပစ်သတ်ခဲ့သူ မဟုတ်ဘူးလို့ စွဲမြဲစွာ ယုံကြည်နေခဲ့တယ်။

မာတင်ရဲ့ သမီးအကြီးဆုံး ယိုလန်ဒါဟာ မင်းသမီး၊ စာရေးဆရာနဲ့ ငြိမ်းချမ်းရေးဘက်တော်သား ရှေ့နေတစ်ဦး ဖြစ်တယ်။ ယိုကီဟာ သူ့ဖခင် အကြောင်း ရိုက်ကူးထားတဲ့ ကင်း (King) ဇာတ်ကား အပါအဝင် ရုပ်ရှင်အတော်များများ ပါဝင်သရုပ်ဆောင်ခဲ့တယ်။ သူဟာ ၂၀၀၇ မေ ၁၆ ရက်နေ့မှာ ကွယ်လွန်တယ်။ သူ ကွယ်လွန်ချိန်မှာ အသက် ၅၁ နှစ်အရွယ်သာ ရှိသေးတယ်။

အတ္တလန္တာမြို့ အောဆန်းရိပ်သာရှိ မာတင် လူငယ်ဘဝက နေထိုင်ခဲ့တဲ့ အိမ်နဲ့ အနီးအနားရှိ အခြားအဆောက်အဦတွေကို ၁၉၈၀ ပြည့်နှစ်မှာ အမျိုးသားသမိုင်းဝင် နေရာဌာနတစ်ခုအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့တယ်။ ယနေ့ခေတ်မှာ ဧည့်သည်တွေဟာ ပြည်သူလူထုအခွင့်အရေး လှုပ်ရှားမှုမှာ



မာတင်လူသာကင်းဂျူနီယာ ပါဝင်ခဲ့တဲ့ အခန်းကဏ္ဍကို လေ့လာသိရှိနိုင်ဖို့ အဆိုပါ ပြတိုက်ကြီးကို သွားရောက် လေ့လာလာနိုင်တယ်။

၁၉၈၃ ခုနှစ်မှာ သမ္မတ ရော်နယ်ရေဂင်က မာတင်လူသာကင်းကို ဂုဏ်ပြုဖို့ ပြည်ထောင်စု ရုံးပိတ်ရက်တစ်ရက် သတ်မှတ်ပေးရေး ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့တယ်။ အဲဒီရက်ကို မာတင်လူသာကင်းဂျူနီယာရဲ့




မွေးနေ့နဲ့ အနီးစပ်ဆုံး ဇန်နဝါရီလ တတိယပတ် တနင်္လာနေ့မှာ နှစ်စဉ် နှစ်တိုင်း ကျင်းပမြဲဖြစ်တယ်။

၁၉၆၈ ဧပြီ ၃ ရက်နေ့ သူ့ရဲ့ နောက်ဆုံး တရားဟောပွဲမှာ မာတင် လူသာကင်းဂျူနီယာက သူ သေဆုံးချိန်နဲ့ စပ်လျဉ်းပြီး ပြောကြားခဲ့တယ်။ သူ့ကို 'အခြားသူများအတွက် သူ့အသက်ကို ပေး၍ ဆောင်ရွက်ရန်

ကြိုးပမ်းခဲ့သူ' တစ်ဦးအဖြစ် ပြည်သူလူထုက အမှတ်တရဖြစ်စေဖို့ သူ မျှော်လင့်တယ်လို့ ဆိုတယ်။ သူမြတ်နိုးချစ်ခင်တဲ့ လူထုကြီးအတွက် 'ဆာ လောင် မွတ်သိပ်နေသူများကို ကျွေးမွေးရန်' ကူညီပေးခဲ့သူအဖြစ် သူက အမှတ်ရစေလိုတယ်။ နှစ်ပေါင်းလေးဆယ်ကြာပြီးနောက် ပြည်သူလူထုက မာတင်လူသာကင်းကို အမှတ်ရနေကြပြီး သူ့ဆန္ဒအားလုံးထက်တောင် ပိုပြီး ဂုဏ်ပြုလျက်ရှိကြတယ်။



# မာတင်လူသာကင်းဂျူနီယာ၏ ဘဝဖြစ်စဉ်

၁၉၂၉ – ဂျော်ဂျီယာပြည်နယ်၊ အတ္တလန္တာမြို့တွင် မွေးဖွား။
၁၉၄၈ – မိုးဟောက်ခ်ကောလိပ်မှ ဘွဲ့ရ။
၁၉၅၁ – ခရိုဇာမှ ဘွဲ့ရ။
၁၉၅၃ – ကော်ရက်တာစကော့နှင့် လက်ထပ်။
၁၉၅၄ – အလာဘားမားပြည်နယ်၊ မောင်ဂိုမာရီမြို့၊ ဒက်ဆတာရိပ်သာ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် တရားဟော ဆရာ ဖြစ်လာ။
၁၉၅၅ – မောင်ဂိုမာရီ ဘတ်စ်ကားသပိတ်ကို ဦးဆောင်။
၁၉၅၆
၁၉၅၇ – ဝါရှင်တန်ဒီစီတွင် ဝတ်ပြုပွဲ၌ ဟောပြော။ ပြည်သူလူထုအခွင့် အရေး ဥပဒေကြမ်းတစ်ရပ် အတည်ပြုပြဋ္ဌာန်းပေးရန် အစိုးရ ကို မေတ္တာရပ်ခံ။
၁၉၆၀ – ဂျော်ဂျီယာပြည်နယ်၊ အတ္တလန္တာမြို့တွင် လူဖြူများပိုင် စီးပွားရေး လုပ်ငန်းကို သပိတ်မှောက်သည့် တိုက်ပွဲကို ဦးဆောင်။ ဝါရှင် တန်ဒီစီတွင် ပြုလုပ်သော လူထုချီတက်ပွဲတွင် သူ၏ထင်ရှား သော 'ကျွန်တော် အိပ်မက်ကောင်းတစ်ခု မက်တယ်' ဆို သည့် မိန့်ခွန်း ကို ပြောကြား။
၁၉၆၄ – နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရ။
၁၉၆၅ – ဆယ်လ်မာမြို့မှ အလာဘားမားပြည်နယ် မောင်ဂိုမာရီသို့ ငြိမ်း ချမ်းစွာ ချီတက်ဆန္ဒပြပွဲကို ဦးဆောင်။ အမေရိကန်လူမည်းများ အတွက် မဲပေးပိုင်ခွင့်ကို တောင်းဆို။
၁၉၆၈ – တင်နက်ဆီပြည်နယ်၊ မင်းဖစ်မြို့တွင် လုပ်ကြံသတ်ဖြတ်ခံရ။

# ကမ္ဘာ့ဖြစ်စဉ်

၁၉၂၉ – နာဇီများက ဂျူးလူမျိုးအမြောက်အမြားကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ရာတွင် သေဆုံးသွားခဲ့သော အန်းဖရန့် မွေးဖွား။

၁၉၃၂ – ဖရန်ကလင်ဒီရူးစဗဲ့ အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံရ။

၁၉၃၄ – အဒေါ့ဖ်ဟစ်တလာက သူ့ကိုယ်သူ ဂျာမနီခေါင်းဆောင်အဖြစ် ကြေညာ။

၁၉၄၁ – ဂျပန်တို့က ဟာဝိုင်အီကျွန်းရှိ ပုလဲဆိပ်ကမ်းကို ဗုံးကြဲ တိုက်ခိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ် တွင် ပါဝင် လာ။

၁၉၄၂ – ပထမဆုံး အာချီကောမစ် ရုပ်ပြကာတွန်းစာအုပ်ထွက်လာ။

၁၉၄၅ – ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး။

၁၉၅၂ – Mr.Potato Head ကစားစရာ ပထမဆုံး ရောင်းချ။

၁၉၅၅ – အလာဘားမားနယ် မောင်ဂိုမာရီမြို့တွင် ရိုဆာပတ်ခ်က ဘတ်စ်ကား ပေါ်မှ သူ့နေရာကို ဖယ်မပေးဘဲ နေခဲ့။

၁၉၅၆ – အဲလ်ဗစ်ပရက်စလေ၏ Heart Break Hotel သီချင်းအသံသွင်း။

၁၉၆၀ – ဂျွန်အက်ဖ်ကနေဒီ သမ္မတအဖြစ် ရွေးချယ်ခံရ။

၁၉၆၁ – ဒီမိုကရေစီစနစ် ကျင့်သုံးသည့် အနောက်ဘာလင်နှင့် ကွန်မြူနစ်စနစ် ကျင့်သုံးသည့် အရှေ့ဘာလင်ကို ခွဲခြားသော ဘာလင်တံတိုင်း ကြီးတည်ဆောက်။

၁၉၆၃ – သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံသတ်ဖြတ်ခံရ။

၁၉၆၄ – ရော်နယ်ဒါးလ် ချာလီနှင့် ချော့ကလက်စက်ရုံစာအုပ် ထုတ်ဝေ။

၁၉၆၅ – သမ္မတဂျွန်ဆင်က ဗီယက်နမ်သို့ အမေရိကန်တပ်များ တိုး၍ စေလွှတ်။